ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့ (30-4-2013) (၇၄၆၆)

၂၁ ရာစု အစောပိုင်းကာလများတွင် မိမိတို့ အာရှနှင့် ပစိဖိတ်ဒေသ၏ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဆင်းရဲမွဲတေမှုကို အောင်မြင်စွာ လျှော့ချတိုက်ဖျက်နိုင်မှုများသည် ကမ္ဘာတွင် အဓိကအရေးပါသည့် အဖြစ်အပျက် တစ်ခုဖြစ်ခဲ့။

မြန်မာနိုင်ငံ ပြောင်းလဲမှုလမ်းကြောင်းပေါ်သို့ရောက်အောင် ခေါင်းဆောင်မှုနှင့် ရဲဝံ့မှုအတွက် ဂုဏ်ပြုဆုရရှိ ကျိဆုသည် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ စုပေါင်းဆောင်ရွက်မှုကြောင့် ရရှိခြင်းဖြစ်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေးသို့ တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာသဘောင်္ကြေင်း အထူးထေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲသွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သောအဖွဲ့ဝင်များအား ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီး H.E.Mr. Niwattumrong Boon Songpaisan နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်း၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမောင်၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ESCAP အဆောက်အအုံသို့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင် အစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာထုတ်ပြန်

နေပြည်တော် ဧပြီ ၂၉

ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာပါ အကျဉ်းချုပ် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိပြီး ခရိုင် (၄)ခရိုင်၊ မြို့နယ် (၁၇)မြို့နယ်နှင့် မြို့နယ်ခွဲပေါင်း (၃)မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ရခိုင်လူမျိုးနှင့် ရခိုင်မျိုးနွယ်စုများဖြစ်ကြသော သက်၊ ဒိုင်းနက်၊ မြို၊ ခမီး၊ ကမန်နှင့် မရမာကြီးတို့အပြင် ဘင်္ဂါလီလူမျိုးများလည်း နေထိုင်နေကြပါသည်။ လူဦးရေအားဖြင့် (၃ . ၃) သန်းကျော် နေထိုင်လျက်ရှိပြီး လူနေထူထပ်မှုနှုန်းမှာ တစ်စတုရန်းမိုင်လျှင်(၂၃၅)ဦးခန့် ရှိပါသည်။

(၁၉) ရာစုအစောပိုင်း အင်္ဂလိပ်နယ်ချဲ့ကိုလိုနီများ ရခိုင်ပြည်နယ်သို့ ဝင်ရောက်လာပြီးနောက် လယ်ယာလုပ်ငန်းအား တိုးချဲ့လာခဲ့သဖြင့် လိုအပ်သောလုပ်အားကို အိမ်နီးချင်းနိုင်ငံများမှ ဘင်္ဂါလီများက ရာသီအလိုက် လုပ်သားများအဖြစ် လာရောက်လုပ်ကိုင်ကြပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း၌ တစ်စတစ်စအခြေချနေထိုင်မှုများ ရှိလာပါသည်။ ထို့နောက်တွင် ဘင်္ဂါလီလူမျိုးများသည် အခြေထကျနေထိုင်ကာ လူဦးရေတိုးပွားများလာခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်းတွင် ဒုတိယမြောက် အများဆုံးနေထိုင်သော လူမျိုးစုတစ်ရပ်ဖြစ်လာခဲ့ပါသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ လူမျိုးစုများအကြား စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များတွင် လွှမ်းမိုးချုပ်ကိုင်လာမှုများနှင့် မကျေနပ်မှုများ တိုးပွားလာခဲ့ပါသည်။

သမိုင်းတစ်လျှောက်တွင် ရခိုင်လူမျိုးနှင့် ဘင်္ဂါလီလူမျိုးများအကြား ပဋိပက္ခများစွာ ဖြစ်ပွားခဲ့ပါသည်။ နှစ်ဖက်လူ့အဖွဲ့အစည်းကြား သာသာအယူဝါဒလေ့ထုံးစံများကို

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ကြေးမုံစာတည်းရှုထောင့် ၃၀-၄-၂၀၁၃၊ အင်္ဂါနေ့

ဘဝနေနည်း

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ကာလက တောမှီရဟန်းတစ်ပါး ရှိခဲ့ဖူးသည်။ ထိုရဟန်း ဝေဒနာကိုပြင်းထန်စွာခံစားနေရချိန်တွင် ဘဝနာ ရှုမှတ်ရင်း တရားထူးရကာ ပျံလွန်တော်မူပုံဖြစ်သည်။

ဇာတ်တော်တွင် ရဟန်းတစ်ပါး တောအုပ်တစ်ခု၌ တရားအားထုတ်နေစဉ် ကျားဆွဲခံရ၏။ ထိုရဟန်း ခန္ဓာဝန်မကျမီ ချောက်ကမ်းတစ်ဖက်သို့ ကျားနှင့် အတူပါသွားချိန်လေးတွင် စိုးရွံ့တုန်လှုပ်မှု အလျဉ်းမရှိဘဲ ငါသေရတော့မှာပါ လားဟု ဆင်ခြင်မိ၏။ ခြေဖျားမှစ၍ တကျွတ်ကျွတ်ဝါးစားခံနေရသော နာကျင်မှုဝေဒနာကို သည်းခံရင်း သတိဉာဏ်မလွတ်စေဘဲ ဆင်ခြင်နိုင်သဖြင့် ကျားပါးစပ်ဝတွင် တရားထူးရသွားခဲ့၏။ ရခဲလှသည့်ဘဝကို နောက်ဆုံးအချိန် အထိ အကျိုးရှိရှိ အသုံးချသွားခြင်းဖြစ်၏။

ကျွန်ုပ်တို့သည် မိမိတို့ဘဝ ရှင်သန်ရပ်တည်နိုင်ရေးအတွက် နိစ္စဓူဝ သွားလာလုပ်ရှားရုန်းကန်နေကြရ၏။ ထိုသို့ ရုန်းကန်လှုပ်ရှားကြရာတွင် ဖြစ်ချင်တာတွေ မဖြစ်ရ၊ မဖြစ်ချင်တာတွေ ဖြစ်ကြရ၏။ အချို့လည်း ဒုက္ခ သုက္ခများကို သေလုမြောပါး ကြုံတွေ့ခံစားကြရ၏။ ထိုအခါ ဘဝကိုအချည်းနှီး အဆုံးအရှုံးခံလိုက်သူများရှိသလို အချို့လည်း လက်မြောက်အလျှော့ပေး လိုက်ကြသူများလည်းရှိ၏။

အချို့လည်း မကြုံတွေ့ချင်ဘဲ ကြုံတွေ့နေရသောဘဝကို သောက တဝေဝေဖြင့် ဖိစီးမှုဒဏ်ကို သင့်သလို သည်းခံနေလိုက်ကြ၏။ အချို့လည်း မိမိ စိတ်ကို မထိန်းချုပ်နိုင်သဖြင့် မလုပ်သင့်မလုပ်ထိုက်သောအလုပ်ဖြင့် ဘဝမှ အပြီးတိုင် ရုန်းထွက်လိုက်ကြ၏။

အမှန်တွင် လူ့ဘဝဟူသည်မှာ ရခဲလှပေ၏။ ရခဲလှသည့်လူ့ဘဝကို မည်သည့် အခြေအနေရောက်ရောက် မလျှော့သောဇွဲလုံ့လဖြင့် တင်းခံအားထုတ်ကြဖို့ဖြစ်၏။ ဣရိယာပုထ် လေးပါးနှင့်အညီ လိုက်လျောညီထွေ နေထိုင်တတ်ဖို့ဖြစ်၏။ သွား သတိ၊ လာသတိ၊ စားသတိ၊ လှုပ်ရှားမှုမှန်သမျှတို့၌ ကံသုံးပါးစလုံး သတိသမ္ပဇဉ် တရားနှင့်ယှဉ်ပြီး ကျင့်ကြံနေထိုင်တတ်ဖို့ဖြစ်၏။

မိမိတို့၏အဇ္ဈတ္တတွင် အချိန်တိုင်းဖြစ်နေတတ်သည့် ဝိရောဓိများ၊ မကောင်းမှု စိတ်ထားများကို ဖယ်ရှားတတ်ဖို့ဖြစ်၏။ အမှတ်တမဲ့နေထိုင်တတ်သူများအတွက် အချိန်သည် အလဟဿအချည်းနှီး အဟောသိကံဖြစ်တတ်ပြီး ဉာဏ်သတိနှင့် ယှဉ်ပြီး နေထိုင်တတ်ကြသူများအဖို့ အချိန်သည် တန်ဖိုးကြီးမားလှ၏။

ဆိုလိုသည်မှာ မိမိဘဝပျက်သဉ်းရမည့် နောက်ဆုံးလက်ကျန်အချိန်လေး အတွင်းမှာပင် သတိ သမ္ပဇဉ်တရား လက်ကိုင်ထားပြီး ကောင်းသောစိတ်ထားများ မွေးမြူသွားခြင်းဖြင့် ကောင်းသောဘဝသို့ ရောက်ရှိခံစားနိုင်ပုံကို ညွှန်းဆို လိုခြင်းဖြစ်၏။

ဒုက္ခများမြောင် ဤလူ့ဘောင်ဟု ဆိုစမှတ်ပြုကြပါ၏။ ထိုသို့ဆိုပင် ဆိုငြား သော်လည်း ကြုံတွေ့ရသော လောကဒဏ်ကို ကြံ့ကြံ့ခံကာ လက်မြှောက်အရှုံး မပေးဘဲ မိမိတို့ဘဝအတွက် အကောင်းဆုံးဖြစ်အောင် ကျင့်ကြံအားထုတ် လုပ်ဆောင်ကြဖို့ဖြစ်ပါသည်။

ကာမဂုဏ်အာရုံခံစားနေဆဲအချိန်မှာလည်း ငါဘုရားကိုမမေ့နှင့် ဟူသော အဆုံးစွန် အဆိုအမိန့်ကို ဝိသာခါ ကျောင်းအမကြီးအား မြတ်ဗုဒ္ဓက ဆုံးမခဲ့ဖူးသည်။ ထိုဆုံးမစကားသည် လောကီ၊ လောကုတ္တရာနှစ်ဌာနတွဲလျက် ကုသိုလ်ယူနိုင်ကြောင်း မှတ်သားစရာ ဘဝနေနည်းဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ အနှစ်တရားမှာ ပစ္စုပ္ပန်တည့်တည့်တွင် ကျင့်ကြံနေထိုင်ခြင်း၊ ကံသုံးပါးပြုလုပ်ဆဲခဏတွင် ဉာဏ်သတိနှင့်ယှဉ်၍ နေထိုင်ခြင်းတို့ဖြစ်ပါ သည်။ ဘဝနေနည်း အမှန်၊ အနေတတ် အသေမြတ်ခြင်း၏ နည်းလမ်းကောင်း များပင် ဖြစ်သည်။

ကိစ္စများမြောင် လူတို့ဘောင်တွင် မည်သည့်အရာမျှ ရှောင်လွှဲ၍မရပါ။ တစ်နည်းနည်း နှင့်ဆက်နွယ်ပတ်သက်ကြရပါသည်။ မဖြစ်မနေကြုံတွေ့ရသည့် ဘဝများတွင် လုပ်သင့်လုပ်ထိုက်သည့်အကျင့်မြတ်မှာ သတိသမ္ပဇဉ်နှင့် ယှဉ်သည့် ပွားများအားထုတ်ခြင်းဖြစ်ပါသည်။ သောကကင်းဝေးစေမည့် အကောင်းဆုံးသော ဘဝနေနည်းအမှန်ပင်ဖြစ်ပါသည်။ ။

ဝိုင်းဝန်းအဖြေရှာကြရအောင်ပါ ❖❖❖ မခိုင်(ပုဂံ)

ကျွန်မသည် ခြေကျင် သို့မဟုတ် လိုင်းကားစီးကာ လုပ်ရှားရသည့်အခြေခံလူတန်းစားတစ်ဦးဖြစ်ပါသည်။ ခြေကျင်သွားရာတွင်လည်းကောင်း၊ ကားစီးရာတွင် လည်းကောင်း တွေ့ကြုံခဲ့ရသည့် သတိပြုဖွယ်ဖြစ်ရပ်များကို အများသူငါ ကြားသိဆင်ခြင်နိုင်ကြစေရန်၊ ပြုပြင်ပေး နိုင်ကြစေရန် စေတနာကောင်းဖြင့် တင်ပြလိုပါသည်။

တစ်ချိန်ကခြေကျင်သွားစဉ် မျဉ်းကျားမှမကူးခဲ့မိ၍ ရဲမေနှစ်ဦးက ကျွန်မ၏လက်မောင်းတစ်ဖက်တစ်ချက်ကို ညှပ်ကိုင်ကာ ဖမ်းဆီးကားပေါ်တင်ခဲ့သည်ကို ကြုံခဲ့ရဖူး သည်။ မျဉ်းကျားမှမကူးသူများ ရုန်းကန်ထွက်ပြေး လွတ်ငြိမ်းချမ်းသာခွင့်ရကြပြီး မိမိအပြစ်ကိုသိ၍ အသာ တကြည်အဖမ်းခံကြသူများသည် ယာဉ်ပေါ်ပါလာကြသည်။

ဆူးလေရောက်တော့ တစ်ဖန်ကားရပ်၍ဖမ်းပြန်ရာ ကတုံးဆံတောက်နှင့် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော အမျိုးသားသုံးဦးတို့ အဖမ်းခံကြရပြန်သည်။ ထိုသူတို့သည် ယာဉ်ထိန်းများကို ဖမ်းဆီးယာဉ်နှင့်ခပ်လှမ်းလှမ်းသို့ ခေါ်ဆောင် ကာ ဆွေးနွေးပြောဆိုကြခြင်းဖြင့် မိမိတို့လိုရာခရီးသို့ ဆက်လက်သွားနိုင်ခဲ့ကြသည်။ ဖမ်းဆီးယာဉ်ပေါ် တွင်ကား ပြေးနိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းနိုင်သူများ မပါပါ။

လူကူးမျဉ်းကျားများတွင် ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းပေါ်ရှိ ကုန်စျေးတန်းထိပ် လူကူးမျဉ်းကျားနှင့် မဟာဗန္ဓုလလမ်းရှိ သိမ်တော်ကြီးကျောင်းရှေ့ လူကူး မျဉ်းကျားများမှာ အဆိုးဆုံးဟု ထင်မိပါသည်။ မျဉ်းကျားမှ ကူးသူများက အုပ်စုတော့င့်ပါမှ၊ အမျိုးသားများပါပါမှ၊ ဇွတ်ကူးကြပါမှ ယာဉ်များကရပ်ပေးကြသည်။ "ရေများ ရေနိုင်၊ မီးများ မီးနိုင်"ဟူသော စကားသည် မျဉ်းကျားမှ ကူးသူ ခရီးသွားများနှင့် ယာဉ်များကို တင်စားဖို့ထားခဲ့လေ သလားပဲ။

လိုင်းကားယာဉ်မောင်းတို့၏ အရှိန်နှင့်ဆောင့်ထွက်၊ အရှိန်နှင့်ကွေ့၊ အရှိန်နှင့်ဘရိတ်ဆွဲ၊ အကြမ်းပတမ်း မောင်းနှင်မှုများအောက်တွင် ခရီးသည် ကြီးငယ်ရွယ်လတ် တို့မှာ အလဲလဲ၊ အပြိုပြိုနှင့် ကျွဲခြေမဲ့ဖြစ်ကြရ၊ ဒဏ်ရာ အနာတရများရကြနှင့် ဖြစ်ကုန်ကြသည်ကို မကြာခဏ မြင်တွေ့ကြရသည်။ ကျွန်မ၏သူငယ်ချင်းဆရာမလေး တစ်ဦးဆိုလျှင် လက်တွင်ကိုင်ထားသော ဆွဲခြင်းလွင့်ထွက် သွားပြီး လက်မှာလည်း သွင်သွင်ကျိုးသွားရှာသည်။

"မီးပွိုင့်ဖြတ်မယ်။ လိုအပ်ရင် ဘရိတ်သုံးမယ်"ဟု ပြောဖော်ရလျှင်ကံကောင်းသည်ဟု မှတ်ရမည်။ ယာဉ်မောင်း တို့၏ "လက်ခုပ်ထဲကရေ"ဘဝတွင် ကျွန်မမှာ ကားပေါ် ရောက်သည်နှင့် သတိတမံနှင့် ဘုရားစာ နာနာရွတ်ရလေရာ ကားများများစီးလျှင် ကုသိုလ်များများရသည်ဟု အကောင်း ဘက်က တွေးကာ ဖြေသိမ့်ရသည်။

အိမ်ပြောင်းခါစက (၃၅)ဗန္ဓုလနှင့် (၃၅)ပဇုန်တောင် မခွဲခြားတတ်သဖြင့် (၃၅)ဗန္ဓုလကို လမ်း(၅၀)မှတ်တိုင်မှ မားစီးမိသည်။ နံနက်စောစော ၆ နာရီ မိနစ် ၃၀ ခန့်ဖြစ်၍ လူရှင်းနေသည်။ ကားပေါ်ရောက်သည်နှင့် (၃၅)ဗန္ဓုလသည် ဇောင်းမလွတ်ထွက်သွားသော မြင်းရိုင်းတစ်ကောင်အလား တစ်ဟုန်ထိုးမောင်းတော့သည်။ ဗိုလ်တထောင်ဘုရားလမ်း ကို မကွေ့တော့မှ ဗန္ဓုလကားကို မားစီးမိပြီဟု သိသိချင်း "ဂန္ဓိပါတယ်"ဟု အော်ပါသော်လည်း ရပ်မပေးကြပါ။ အသီးအရွက်တောင်းများနှင့် အမျိုးသမီးက "သဘော်ကျင်း ကျမှ ရပ်တော့မှာ"ဟု ဆိုပါသည်။

ကားသမားများသည် ပြဿနာရှာမည့်အမျိုးသား များကိုသာ ဆင်းမည့်မှတ်တိုင်ရပ်ပေးတတ်ကြသည်။ အားနွဲ့သူ အမျိုးသမီးများဆိုပါက "မီးပွိုင့်မိမှ အဲဒီမှာ ဆင်းပါ"ဟု တင်းမိုး အတက်အဆင်းများသည့် နောက်တစ်မှတ် တိုင်မှာ ရပ်ပေးတာတို့လုပ်ကြသည်မှာ ထုံးစံဖြစ်သည်။ သို့ဖြင့် ဗန္ဓုလတံတားကိုလည်း မာန်ဟုန်ပြင်းပြင်းဖြင့်ပင် အတက်အဆင်းလုပ်လေရာ ကျွန်မမှာ ထိတ်လန့်ကြောက်ရွံ့ လွန်း၍ အမေတို့ပြောသကဲ့သို့ ဖြစ်နိုင်လျှင်အသက်ကို ဖက်ကလေးဖြင့် ထုပ်ထားလိုလှသည်။ စိတ်တွင်းမှလည်း ဗန္ဓုလတံတားတွင် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ကြရသည်မှာ ဒီလိုယာဉ်မောင်းတွေကြောင့်နေမှာဟု မှတ်ချက်ချမိပါတော့သည်။

လိုင်းကားများတွင် ကပ်ထားသော "ဆေးလိပ် မသောက်ရ" ဟူသော စာတန်းသည် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှအပ ခရီးသည်များကိုသာ ရည်ညွှန်း ပါသည်။ တစ်ရက် ယာဉ်မောင်းနောက်ကျောတွင် မတ်တပ် ရပ်နေရစဉ် ယာဉ်မောင်းနံဘေးတွင် စကားပြောဖော်မရှိပါဘဲ စကားပြောသံများ ကြားနေရသဖြင့် သေသေချာချာဆန်းစစ် မိရာ. . . ဘုရား. . . ဘုရား. . . ကိုရှေ့ယာဉ်မောင်းက လက်ကိုင်ဖုန်းဖြင့် စကားပြောလို့ပါလား။ လက်ကိုင်ဖုန်းနှင့် ယာဉ်မောင်း။ ယာဉ်ပေါ်ပါခရီးသွားများ၏အသက်အိုးအိမ် စည်းစိမ်။ ကျွန်မအံ့သြထိတ်လန့်လွန်း၍ အတန်ကြာ မှင်သက် မိပါသည်။ ထိုအဖြစ်မျိုး သုံး၊ လေးကြိမ်ကြုံဖူးမှ အနည်းငယ် ရိုးသွားသည်။

လက်ကိုင်ဖုန်းများကို ချိုသာသောနှုန်းထားဖြင့် ရောင်းချ ပေးနေပါပြီ။ ယာဉ်စည်းကမ်းထိန်းသိမ်းရန် တာဝန်ရှိသူ များအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကိုယ်ပိုင်ယာဉ်မောင်း၊ အငှားယာဉ်မောင်းနှင့် လိုင်းကား ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်တို့ကို မည်ကဲ့ သို့သော ပုံစံစည်းကမ်းများနှင့် ထိန်းချုပ်ကွပ်ကဲကြမည်ကို ယခုကတည်းက ကြိုတင်၍ စီမံချက်များချမှတ်ပြင်ဆင်သင့် ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်ရှင့်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၀-၄-၂၀၁၃ (အင်္ဂါနေ့)

၇း၀၃	တရားတော်
၇း၃၅	မြန်မာသံစဉ် ချိုနှားဝင်
၇း၄၅	သာယာသီကြွေးခေတ်ဆန်းတေး
၄း၂၀	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၂၅	အင်္ဂလိပ်စာသုတ
၆း၃၀	ယနေ့ရန်ကုန်မြင်းကွင်းနဲ့
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချိုမြိန်သောဘဝ (အပိုင်း-၃) ဟာသရုပ်စုံ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်သူ့တရားရှင်ပေါင်ချိန် (အပိုင်း-၃၀)

နေပြည်တော်
Top Royal

ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသော ဥပဒေများပေါ်ထွက်လာအောင် ဆောင်ရွက်ပေးရန်လိုအပ်

ရန်ကုန် ဧပြီ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ ကျင်းပသည့် ခေတ်စနစ်နှင့် မကိုက်ညီသော တည်ဆဲဥပဒေဟောင်းများ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေသစ်များပြဋ္ဌာန်းခြင်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ယာပုံ)

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မရှင် ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုရေစီကို အရေး/အပြောတို့ဖြင့်သာ လုပ်၍မရပါကြောင်း၊ ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် ဥပဒေအပြောအလုပ်များ ညီညွတ်မျှတစွာ လုပ်ဆောင်မှသာလျှင် မိမိတို့ပြောနေသည့် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ဥပဒေများကိုပြဋ္ဌာန်းပြီး ပြဋ္ဌာန်းထားသည့်အတိုင်းလိုက်နာကြရမည်ဖြစ်ကြောင်း၊ ထို့အတူ သက်ဆိုင်သူအားလုံး လိုက်နာနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့်အဖွဲ့အစည်းများကလည်း ဥပဒေအတိုင်း ကြီးကြပ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ဥပဒေအထက်တွင် မည်သူမျှမရှိကြောင်း၊ ဥပဒေအောက်တွင် အားလုံးတစ်ပြေးညီ ဥပဒေအတိုင်းလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပြောင်းလဲပြုပြင်လိုက်သည့် ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိသော ဥပဒေများရှိနေပြီလား၊ မရှိဘူးလားဆိုသည်ကို ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသော ဥပဒေများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် ယနေ့ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေများဖြစ်တည်နေအောင် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အစားထိုးရန် သို့မဟုတ် ဥပဒေများသည် မလုံလောက်သေးပါကလည်း ဥပဒေများအသစ်ပြဋ္ဌာန်းပေးရန်လိုကြောင်း၊ ပြဋ္ဌာန်းပေးပြီးသော ဥပဒေများကို နိုင်ငံအတွင်းရှိ ပြည်သူများလိုက်နာရန် ဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာနများကလည်း ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ယနေ့ပြောနေသည့် Rule of Law တရားဥပဒေစိုးမိုးမှု ရှိမည်ဖြစ်ကြောင်း။

မိမိတို့ပြဋ္ဌာန်းထုတ်ပြန်လိုက်သည့် ဥပဒေအမှန်တကယ်ပြည်သူများလိုက်နာနိုင်သည့် ဥပဒေမျိုးဖြစ်ရမည် ဖြစ်ကြောင်း၊ အမှန်တကယ်လိုက်နာနိုင်မည့်ဥပဒေမဟုတ်ပါက ပြည်သူများ မလိုက်နာနိုင်ပါက ဥပဒေကို အလိုလို ချိုးဖောက်ပြီးဖြစ်မည်ဖြစ်ကြောင်း၊ မိမိတို့၏ နိုင်ငံတွင် တရားမဝင်သော ဥပဒေများအားလုံးဖြစ်ပြီလားဟု လေ့လာသုံးသပ်၍ တရားမျှတပြီး အများလိုက်နာနိုင်သည့် ဥပဒေများ ပြဋ္ဌာန်းပေးရန်လိုအပ်ကြောင်း။

လွှတ်တော်များက ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် အဓိကထား ပြဋ္ဌာန်းပေးခြင်းဖြစ်ကြောင်း၊ လွှတ်တော်အတွက် အစိုးရအတွက်မဟုတ်ကြောင်း၊ ပြည်သူအတွက်သာဖြစ်ကြောင်း၊ ဥပဒေသည် ပြည်သူ့အတွက် နိုင်ငံအတွက် အကျိုးစီးပွားမဖြစ်လျှင် ပယ်ဖျက်ရမည်၊ အကျိုးစီးပွား ဖြစ်ထွန်းမည့်ဥပဒေများကို အသစ်ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လာမည့်ဇူလိုင်လနှင့် ဩဂုတ်လ ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းပြဋ္ဌာန်းနိုင်ရန် ဝန်ကြီးဌာနများနှင့် တက်ရောက်လာကြသူ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များက ကျင့်သုံးမည့် ဥပဒေများကို မေလကုန်နောက်ဆုံးထား၍ ဝိုင်းဝန်းအကြံပြုပြင်ဆင်ပေးရန် ပြောကြားသည်။

ဆက်လက်၍ ဥပဒေများအား အသစ်ပြဋ္ဌာန်းရန်နှင့် ပြန်လည်ပြင်ဆင်ရန် အဆိုပြုချက်များအား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၀-၄-၂၀၁၃ (အင်္ဂါနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅	"ရန်အောင်မြင်ဆုတောင်းပြည့် ကိုးနဝင်းစေတီတော် ရွှေထီးတော်တင် မင်္ဂလာ"
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၁၂း၂၅	မြန်မာဗီဒီယိုဇာတ်လမ်း "လန်းနဲ့လမ်း" (နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်) [(ဒါရိုက်တာ-မောင်မောင်ဦး (စနိုးဝှိုက်)]
၅း၀၀	နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ဆုချီးမြှင့်ခြင်းအခမ်းအနား တိုက်ရိုက်တုတ်လွှင့်မှု အစီအစဉ်
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသ သတင်း
၈း၄၅	"ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်မှုအစီအစဉ်"

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းမည့်ကုမ္ပဏီများ ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဧပြီ ၂၉

ယနေ့ကျင်းပသည့် ဆွေးနွေးညှိနှိုင်းပွဲသည် ဆက်သွယ်ရေးလုပ်ငန်းအား မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည်၊ မည်သည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ဆန္ဒရှိသည်ကို တရားဝင် ခေါ်ယူရှင်းပြခြင်းဖြစ်ကြောင်း၊ ဆက်သွယ်ရေးဆိုင်ရာ ပြည်သူလူထု၏ လိုအပ်ချက်နှင့် အစိုးရယန္တရားကြား ဖြည့်ဆည်းပေးနိုင်မှု ကွာဟချက်ကို ကျဉ်းနိုင်သမျှ ကျဉ်းအောင် မိမိတို့အပိုင်းက ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ ကောင်းသည်ထက်ကောင်းအောင် လုပ်ပေးရန်အတွက် ငွေကြေး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်တို့ လိုအပ်ချက်ရှိသည်မှာ မှန်သော်လည်း ၎င်းတို့အားလုံးအတွက် ဝန်ကြီးဌာနကစ်ခုတည်းက ပြည့်စုံအောင် မဆောင်ရွက်နိုင်ပါကြောင်း၊ ယခုနှစ် ဇွန်လကုန်လောက်တွင် ဆက်သွယ်ရေးလုပ်ငန်းအတွက် နိုင်ငံတကာ အော်ပရေတာနှစ်ဦးကို အပြီးသတ်ရွေးချယ်ပြီးနောက် ရှစ်လမှ တစ်နှစ်အတွင်း ၎င်းအော်ပရေတာများဘက်က ဆက်သွယ်ရေးကွန်ရက် တပ်ဆင်မှုပြီးစီးလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဆက်သွယ်ရေးလုပ်ငန်းပိုင်း၌ လုံခြုံရေးအရ တန့်သတ်မှုရှိသည့် လုပ်ငန်းများမှလွဲ၍ ကျန်သည့်လုပ်ငန်းများကို လွတ်လွတ်လပ်လပ် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရမည့်ဖြစ်သဖြင့် ဆက်သွယ်ရေးကဏ္ဍ တိုးတက်ရေးအတွက် ပူးပေါင်း ပါဝင်ညှိနှိုင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုများအား အသုံးပြုရာ၌ ကောင်းသောအရည်အသွေးရှိသည့် ဝန်ဆောင်မှုများကိုသာ ရွေးချယ်အသုံးပြုခွင့်သည် မကြာမီကာလအတွင်း ပြည်သူ့လက်ဝယ်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ အားလုံးကညီညွတ်စွာဖြင့် တိုင်ပင်ဆောင်ရွက်ကြလျှင် မအောင်မြင်စရာအကြောင်းမရှိပါကြောင်း၊ သတ်မှတ်သည့် နည်းလမ်း၊ ပုံစံများဖြင့် အရည်အသွေးကောင်းအောင် ဆောင်ရွက်ကြမည့် အဖွဲ့အစည်းများကို ကြိုဆိုပါကြောင်း ဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့်ကုမ္ပဏီများ ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

ထို့နောက် ကုမ္ပဏီ ၁၈ ခုမှ ကိုယ်စားလှယ်များက အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအတွက် မေးမြန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့် ဌာနအကြီးအကဲများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည် လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ Website (http://www. mcit. gov.mm) ၌ လွှင့်တင်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်ဝန်ကြီးချုပ် ရုရှားနိုင်ငံသို့ ရောက်ရှိ၊ သမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးမည်

မော်စကို ဧပြီ ၂၉

ပန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ် ရုရှားနိုင်ငံသို့ အလည်အပတ်လာရောက်သည့် ဂျပန်အထက်တန်းတာဝန်ရှိသူတစ်ဦး အဖြစ် မြို့တော်မော်စကိုသို့ ရောက်ရှိနေကြောင်း၊ ၎င်းသည် ဧပြီ ၂၉ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ကျိုဒို သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ကျွန်းစု ပိုင်ဆိုင်မှု အရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေးထိခိုက်ခဲ့ရမှုကို အဆုံးသတ်ကာ ဆက်ဆံရေးမြှင့်လည်မြှင့်တင်နိုင်ရန် ရုရှားနှင့် ဂျပန်ခေါင်းဆောင်များ ကြိုးပမ်းကြမည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်ဝန်ကြီးချုပ်အာဘေး မြို့တော်မော်စကိုရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

ဆွေးနွေးမည်

ဝန်ကြီးချုပ် အာဘေးနှင့် သမ္မတ ပူတင်တို့သည် မြို့တော်မော်စကိုရှိ ကရင်မလင်နန်းတော်၌ တွေ့ဆုံ ဆွေးနွေးပြီးနောက် နှစ်နိုင်ငံ စီးပွား ရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များက စီးပွားရေးဆိုင်ရာ ဝူးပေါင်းဆောင်ရွက် ရေး ကိစ္စရပ်များကို ဆက်လက် ဆွေးနွေးကြမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် အာဘေးသည် ဒီဇင်ဘာလ၌ အာဏာရရှိလာခဲ့ပြီး နောက် ပိုင်နက်နယ်မြေအငြင်းပွားနေသော ကျွန်းစုအရေးနှင့် ပတ်သက်၍ ပြေရှင်းချက်တစ်ရပ်ရရှိရေးအတွက် ဆွေးနွေးသွားကြရန် သမ္မတပူတင်နှင့် သဘောတူညီခဲ့သည်။ ကျိုဒို။

တောင်ဆူဒန် အက်စ်အက်စ်အယ်လ်အေ သူပုန်များ လက်နက်ချအလင်းဝင်

ခါတွန် ဧပြီ ၂၉

တောင်ဆူဒန်နိုင်ငံ၏ အကြီးဆုံးသူပုန်အုပ်စုများအနက် တစ်ဖွဲ့ အဝါ အပင်ဖြစ်သော တောင်ဆူဒန်လွတ်မြောက်ရေးတပ်မတော် (အက်စ်အက်စ် အယ်လ်အေ)မှ တိုက်ခိုက်ရေးသမား ၃၀၀၀ ခန့်သည် လက်နက်ချကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သူပုန်ဟောင်းများသည် ထရပ်ကားအစီး ၁၀၀ ဖြင့် နယ်စပ်ကို ဖြတ်ကျော်၍ ဆူဒန်နိုင်ငံမှဝင်ရောက်လာခဲ့ကြကြောင်း တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

တောင်ဆူဒန် သူပုန်များအား အကူအညီပေးလျက်ရှိသည်ဟူသော စွပ်စွဲချက်များကို ဆူဒန်နိုင်ငံက အစဉ်အမြဲငြင်းဆိုခဲ့သည်။

မကြာသေးမီက ဆူဒန်နှင့်တောင်ဆူဒန် နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်လာသဖြင့် ရေနံထုတ်လုပ်ရေးကို ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်နိုင်ငံဟောင်း၏ ရေနံမြေအများစုကို တောင်ဆူဒန်ကရရှိခဲ့ပြီး ၂၀၀၀ ခုနှစ်တွင် ရေနံဆက်လက်ထုတ်လုပ်ခဲ့သည်။ ရေနံပိုက်လိုင်းများမှာ ဆူဒန်နိုင်ငံအတွင်းမှ ဖြတ်သန်းသွားသည်။

အက်စ်အက်စ်အယ်လ်အေသူပုန်တပ်ဖွဲ့များသည် လက်နက်ချအလင်း ဝင်ရောက်ခဲ့ကြပြီဖြစ်ကြောင်း ယူနတီပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ ဂျိုးဇက်အေဂျော့မာလူရဲလ်က ရိုက်တာသို့ ပြောကြားသည်။ ဘီဘီစီ။

လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် အာဆီယံနှင့် ဟောင်ကောင်လက်မှတ်ရေးထိုး

ဟောင်ကောင် ဧပြီ ၂၉

တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အဖွဲ့ဝင် ၁၀ နိုင်ငံနှင့် စီးပွားရေးအရ မဟာမိတ်ပြုဆောပ်ရွက်ရေးဟူသော မဟာဗျူဟာရည်မှန်းချက်နှင့်အညီ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဟောင်ကောင် ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဝရီဂိုရီဆိုးက ပြောကြားသည်။

အာဆီယံအသင်းသည် ဟောင်ကောင်ဒေသအတွက် ကုန်ပစ္စည်းကုန်သွယ်မှုအရ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး ဝန်ဆောင်မှုအရ စတုတ္ထအကြီးဆုံးကုန်သွယ်ဖက်ဒေသဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာဆီယံနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှုရှိကြသော ဟောင်ကောင်ကုမ္ပဏီများနှင့် မိမိတို့ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်သောကုန်သွယ်ရေးဒေသ ထူထောင်ရေးကိစ္စသည် လုပ်ငန်းစဉ်အရ ရှုပ်ထွေးလှသဖြင့် အချိန်ဇယား သတ်မှတ်မထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ဆင်ဟွာ။

တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းရှိ ပင်လယ်ဆိပ်ကမ်း တစ်နေရာကို တွေ့ရစဉ်။

ပါကစ္စတန်ပါလီမန်ရွေးကောက်ပွဲအကြိုကာလ လုံခြုံရေးကောင်းမွန်ရန် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ တိုက်တွန်း

အစ္စလမ္မာဘတ် ဧပြီ ၂၉

ပါကစ္စတန်နိုင်ငံ၌ ရွေးကောက်ပွဲအကြိုကာလတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးလှုပ်ရှားတက်ကြွသူများအား တာလီဘန်အဖွဲ့က အကြမ်းဖက်တိုက်ခိုက်မှုများမပြုလုပ်နိုင်စေရေးအတွက် ကြားဖြတ်အစိုးရအဖွဲ့က လုံခြုံရေးကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်သင့်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ မေ ၁၁ ရက်တွင်ကျင်းပရန်စီစဉ်ထားသော ပါလီမန်ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများအားလုံး စိုးရိမ်ထိတ်လန့်မှုများ မရှိဘဲ လွတ်လပ်စွာမဲဆွယ်စည်းရုံးမှုများပြုလုပ်နိုင်ရန် ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များက လုံခြုံရေးရယူပေးသင့်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ ဧပြီ ၂၀ ရက်မှစတင်ကာ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများဖြုလုပ်လျက်ရှိသည်။ တာလီဘန်အဖွဲ့နှင့် အခြားသောလက်နက်ကိုင်အုပ်စုများသည် နိုင်ငံရေးပါတီများအား ပစ်မှတ်ထားသည့် တိုက်ခိုက်မှုပေါင်း ၂၀ ကျော်ကို ပြုလုပ်ခဲ့ရာ ၄၆ ဦးသေဆုံးခဲ့ရပြီး လူ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ရသည်။

ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် တစ်သီးပုဂ္ဂလအမတ်လောင်းများအပါအဝင် ကိုယ်စားလှယ်လောင်းများအားလုံး လုံခြုံစွာရွေးကောက်ပွဲဝင်နိုင်ရန် ကြားဖြတ်အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ပါကစ္စတန်နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး အလီဒါယန်ဟာဆန်က ပြောကြားသည်။

ရိုက်တာ။

ကားဗုံးပေါက်ကွဲ ဆီးရီးယားဝန်ကြီးချုပ် အသက်ဘေးမှလွတ်မြောက်

ဒမတ်စကက် ဧပြီ ၂၉

ဆီးရီးယားဝန်ကြီးချုပ် ဝေးလ်အယ်ဟာလာကီသည် မြို့တော်ဒမတ်စကက်၌ ဧပြီ ၂၉ ရက်က ကားဗုံးပေါက်ကွဲမှုတွင် အသက်ဘေးမှ ပွတ်ကာသီကာလွတ်မြောက်ခဲ့သည်ဟု ဘီဘီစီသတင်း၌ ဖော်ပြထားသည်။

မာဇတ်ချ်ဒေသ အနောက်ပိုင်းတွင်ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုသည် ဆီးရီးယားဝန်ကြီးချုပ်၏ ယာဉ်တန်းကို ဦးတည်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူတစ်ဦးရှိကြောင်း အစိုးရရုပ်သံဌာနက သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုတွင် ပန်ကြီးချုပ်၏ သက်တော်စောင့်တစ်ဦးသေဆုံးခဲ့သည်ဟု ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။ ဘီဘီစီ။

မြို့တွင်းရေးရာ

ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဘုန်းတော်ကြီးသင်ပညာလတန်းပညာသင်ကျောင်းရှိ ကိုရင်ငယ်လေးများအား တွေ့ဆုံ

ရန်ကုန် မေ ၂၉

မိမိတို့အားလုံး အမြဲသင်ယူလေ့လာနေကြရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်ကလေးငယ်များကိုလည်း သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ပြည့်စုံသော သင်ကြားနိုင်မှုအခွင့်အလမ်းများကိုလည်း ပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များအား မိမိတို့ကောင်းသော သင်ကြားပေးမှုများ၊ အကောင်းဆုံးသင်ယူစေမှုများ၊ ပြည့်စုံလုံလောက်သော အတွေ့အကြုံများပေးသွားရမည်ဖြစ်ကြောင်းဖြင့် ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာHon. John Joseph Hogg က ယနေ့ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်း သုံးထပ်ကျောင်းတိုက်ရှိ ဩစတြေးလျအကူအညီ ပညာရေးစီမံချက်(AUS AID funded education project) အောက်ရှိ ဘုန်းတော်ကြီးသင်မူလတန်းပညာသင်ကျောင်း၌ ပြောကြားသည်။

ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘုန်းတော်ကြီးသင်မူလတန်းပညာသင်ကျောင်းရှိ ကိုရင်ငယ်လေးများအား တွေ့ဆုံ၍ ချစ်ခင်ရင်းနှီးစွာဖြင့် အပြန်အလှန်စကားပြောဆိုကြပြီး **(ယာပုံ)**ကိုရင် ငယ်လေးများအား လက်ဆောင်စာအုပ်များနှင့် အမှတ်တရပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ကျောင်းတာဝန်ခံ ကိုအောင်ကိုဦးက ကျောင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌက တစ်နိုင်ငံလုံးရှိ ဘုန်းတော်ကြီးသင် ပညာရေးသင်တန်းကျောင်းများနှင့်ပတ်သက်၍ အကူအညီပေးမည့် အစီအစဉ်များကို ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

သင်္ဘောကြီးနှင့်တိုက်မိသည့်ရေနံတင်သင်္ဘော သီလဝါဆိပ်ကမ်းအနီး နစ်မြုပ်

ရန်ကုန် မေ ၂၉

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းပိုင် "မြန်အောင်"ရေနံတင်သင်္ဘောသည် စက်သုံးဆီ ပို့ဆောင်ပြီးနောက် မော်လမြိုင်ဆိပ်ကမ်းမှ မေ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် ရေယာဉ်မှူး ဦးစံတင် မောင်းနှင်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာခဲ့ရာ

မေ ၂၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် Pilot Vessel အား သတင်းပို့ပြီး ရန်ကုန်ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။

မြန်အောင်ရေယာဉ်သည် ရေတက်ဖြင့် ရေစုန်ဝင်ရောက်လာပြီး မွန်းလွဲ ၂ နာရီမိနစ် ၂၀ ခန့်တွင် မော်ဝန်းမီးပြဗော်ယာသို့ ကွေ့လာချိန်၌ သီလဝါ MIPLဆိပ်ကမ်း၌ မော်တော်ကားများချပြီး မြစ်ဝသို့ ပြန်လည် ထွက်ခွာလာသော ရေကြောင်းပြမှူးကြီး ဦးမြတ်စိုး (Pilot 39) မောင်းနှင်လာသည့် MV.MALACCA HIGHWAY သင်္ဘော၏ ဦးပိုင်းနှင့် မြန်အောင်သင်္ဘောကြီး ဝဲဘက်အလယ်ပိုင်းအား တိုက်မိခဲ့သည်။

ယင်းသို့ တိုက်မိခြင်းကြောင့် မြန်အောင်သင်္ဘောမှာ တစ်ဖက်သို့ တိမ်းစောင်းသွားပြီး **(အောက်ပုံ)**ရေများ ဝင်ရောက်လာကာ ဒီရေအတက်နှင့်အတူ ရေစုန်တွင် ဆက်လက်မျောပါ၍ Chokey Shoal အရှေ့သောင်ပြင် (သီလဝါဆိပ်ကမ်း အနီး) အရောက် ညနေ ၄ နာရီမိနစ် ၂၀ခန့်တွင် တဖြည်းဖြည်း စတင်နစ်မြုပ်ခဲ့ပြီး ညနေ ၅ နာရီ၌ လုံးဝနစ်မြုပ်သွားခဲ့သည်။

ရေယာဉ်နစ်မြုပ်သည့် တည်နေရာမှာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၉ ဒသမ ၉၆၇ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၄ ဒသမ ၅၀၆ မိနစ်ဖြစ်သည်။

မြန်အောင်ရေယာဉ်မှာ အလျား ၆၃ ဒသမ ၅ မီတာ၊ အနံ ၁၃ မီတာနှင့် ရေစူး ၃ မီတာရှိပြီး ရေယာဉ်အလေးချိန် ၄၉၈ ဒသမ ၀၉ တန်ရှိကာ ကုန်ဝါ ရေယာဉ်အလေးချိန် စုစုပေါင်း ၁၁၂၅ တန်ရှိသည့် ကုန်တင်သင်္ဘောဖြစ်သည်။

မြန်အောင်ရေယာဉ်တွင် သင်္ဘောသား ၁၇ ဦးပါရှိ၍ တပ်မတော်စစ်ရေယာဉ်မှ ၁၁ ဦးနှင့် မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်ရေယာဉ်မှ ကျန်ခြောက်ဦးအား ကယ်ဆယ်ခဲ့ရာ အားလုံးဆယ်ယူရရှိခဲ့ပြီး လူအသေအပျောက် မရှိကြောင်း၊ မော်လမြိုင်ဆိပ်ကမ်းသို့ စက်သုံးဆီများ ပို့ဆောင်ခဲ့ပြီးဖြစ်၍ နစ်မြုပ်ချိန်တွင် စက်သုံးဆီဆုံးရှုံးမှုနှင့် မြစ်အတွင်း ရေနံယိုဖိတ်မှု (Oil Pollution) မရှိကြောင်း သိရသည်။

နစ်မြုပ်သည့်နေရာတွင် အချက်ပြမီးဗော်ယာတစ်လုံးချထားပြီး ရေကြောင်းသတိပေးချက် ထုတ်ပြန်သွားမည်ဖြစ်သည်။လက်ရှိနစ်မြုပ်နေသည့်နေရာသည် သင်္ဘောကြီးများခုတ်မောင်းသွားလာရာ ရေလမ်းကြောင်းနှင့် လွတ်ကင်းမှုရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်ညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီး
သတိပြု

နိုင်ငံခြားငွေ လဲလှယ်နှုန်း

၂၉-၄-၂၀၁၃

အမေရိကန်	(တစ်ဒေါ်လာ)	၈၈၉ . ၀၀ ကျပ်
ဥရောပ	(တစ်ယူရို)	၁၁၅၉ . ၀၇ ကျပ်
စင်ကာပူ	(တစ်ဒေါ်လာ)	၇၁၈ . ၉၆ ကျပ်
ဗြိတိန်	(တစ်စတာလင်ပေါင်)	၁၃၇၆ . ၀၇ ကျပ်
ဂျပန်	(ယန်း တစ်ရာ)	၉၀၈ . ၄၉ ကျပ်
ဩစတြေးလျ	(တစ်ဒေါ်လာ)	၉၁၄ . ၀၀ ကျပ်
တရုတ်	(တစ်ယွမ်)	၁၄၄ . ၂၀ ကျပ်
အိန္ဒိယ	(တစ်ရူပီး)	၁၆ . ၃၄၉ ကျပ်
ကိုရီးယား	(ဝမ် တစ်ရာ)	၈၀ . ၁၅၅ ကျပ်
မလေးရှား	(တစ်ရင်းဂစ်)	၂၉၃ . ၂၅ ကျပ်
ထိုင်း	(တစ်ဘတ်)	၃၀ . ၃၉၈ ကျပ်

(မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း)

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၀-၄-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀ "ကိုးကွယ်မှုတွေမှန်ပါစေ" တရားတော် (ဆရာတော် အရှင်ဥတ္တရ)
၁၂း၁၅ Minute to Win It
၄း၅၀ ဂီတသရုပ်ပြခန်း (ဇင်မင်းခန့်)
၆း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၄၇)
၇း၀၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နေလဆုံရာရွှေဖူးစာ" (အပိုင်း-၁၀)
၈း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၉၁)
၉း၂၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမပေးစမ်းသော" (အပိုင်း-၃၃)

မကွေးကားကြီးကွင်းအတွင်း သင်းခွေချပ်တစ်ကောင်တွေ့ရှိ

မကွေး မေ ၂၉

မကွေးတိုင်းဒေသကြီး မကွေးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း (ကားကြီးကွင်း)အတွင်းရှိ ယုဇနစားသောက်ဆိုင်ဘေးတွင် မေ ၂၉ ရက် နံနက်ပိုင်းက သင်းခွေချပ်တစ်ကောင် တွေ့ရှိရသဖြင့် **(ယာပုံ)** ပြည်သူတစ်ဦးက ဖမ်းဆီးပြီး ကားကြီးကွင်းအတွင်းရှိ မထသရုံးသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါသင်းခွေချပ်မှာ အလေးချိန် လေးပိဿာခန့်၊ အလျား နှစ်ပေခြောက်လက်မ၊ လုံးပတ် တစ်ပေ ခုနစ်လက်မခန့်ရှိပြီး မကွေးမြို့နယ် အမှတ်(၂) ရဲစခန်းတွင် ထိန်းသိမ်းထားကာ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့ ဆက်လက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်းခွေချပ်အား မတွေ့ရှိမီ ယခင်ရက်ပိုင်းကလည်း မကွေးမြို့ မြင်သာရပ် မဲထီးလမ်းပေါ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးဝင်းအတွင်းတွင်လည်း သင်းခွေချပ်တစ်ကောင်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

မြင့်သူထွန်း(မကွေး)

15th YEAR
MHR Centre II
BUSINESS INSTITUTE
အခြေခံပညာအထက်တန်းအောင်ပြီးသူများ / အောင်မြင်ထားသူများအတွက်
ABE Diploma plus
CIMA Certificate in Business Accounting
LCCI Diplomas
Yadana Ball Room, Park Royal Hotel
MHR Centre II : G a (27, 28, 29), Ground Floor, Building E, Eco Apartment, Pearl Condo, Kabaraye Pagoda Road, Yangon. 09-73 223777, 09-86 28878, 09-73 217110

ရှင်းသန့်ကြည်လင်ဧ သကြၤန်ရေ

ခင်ဆွေမြင့်(မြန်မာစာ)

ပျော်ရွှင်ခြင်း၊ စိုပြည်ခြင်း၊ လန်းဆန်းခြင်း၊ တက်ကြွခြင်း၊ ကြည်နူးခြင်းများကို ထူးထူးကဲကဲ ပေးစွမ်းနိုင်သော ကျွန်မတို့၏ "မဟာအတာသကြၤန်ပွဲတော်ကြီး" ကား ပြီးဆုံးသွားပါလေပြီ။

အပူရှပ်ပြီး ဒုက္ခများနိုင်တာကိုလည်း မကြောက်၊ ခရမ်းလွန်ရောင်ခြည်ကိုလည်း မကြောက်၊ ကင်ဆာကိုလည်းမကြောက်၊ ဘာကိုမှမကြောက် မကြောက်ကြသော ကျွန်မတို့မြန်မာများသည် နွေပူပူတွင် မဟာသကြၤန်ပွဲကို အစွမ်းကုန်နွှဲပျော်ခဲ့ကြပါသည်။

မဏ္ဍပ်ပေါ်က အဆိုရှင်တွေနှင့် အပြိုင်ဆို၊ အကအဖွဲ့တွေနှင့် အပြိုင်က၊ ရေပက်ကြသူတွေနှင့် အပြိုင်ခုန်ကာ ခရမ်းလွန်ရောင်ခြည်အထောင်ထောင်နှင့် အပူဆောင်နေသောနေမင်းကို အန်တုနိုင်ခဲ့ကြပါသည်။

အဆိုအား၊ အကအား၊ အခုန်အားနှင့် ရေလုံးအားများက ရေပူလေပူအားကို အနိုင်ယူနိုင်ခဲ့ဟန်တူပါသည်။ အကမပျက်၊ အခုန်မပျက်၊ ဖျားသည် နာသည်ဟူ၍မှ သိပ်အသံမထွက်လိုက်ရဘဲ သကြၤန်ရက်များကသာ ကျွန်မတို့ မြန်မာပြည်သူများအား နှုတ်ဆက်ထွက်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

ယခုနှစ်သကြၤန်မှာ -

ငှဝါဝါတို့ ဖြိုင်ဖြိုင်ဝေခဲ့ကြပါသည်။

ပျဉ်းမပန်းများ၏ မဟာဆန်လှသော ခရမ်းရောင်အလှသည်လည်း တောက်ပပူပြင်းသောနွေကို ထိန်းညှိပေးခဲ့ပါသည်။

သို့သော် ကျွန်မတို့သည် ပိတောက်ပန်းတို့ဖြင့် ဝင်းဝါစိုပြည်သော သကြၤန်ရေများနှင့် မထိတွေ့ခဲ့ရပါချေ။

ပိတောက်ရနံ့တို့ဖြင့် သင်းပျံ့ထုံဝေသော သကြၤန်လေများကိုလည်း မရှူရှိုက်ခဲ့ရပါချေ။

နေအလွန်ပူပါသည်။

ဥတုရာသီအလွန်ပူပါသည်။

မိုးတစ်ပြိုက် နှစ်ပြိုက် ရွာဖို့ပင်အလွန်ခက်နေပါသည်။

ဟိုနေရာ တစ်ကွက်နှစ်ကွက်၊ ဒီနေရာ တစ်ပေါက်နှစ်ပေါက်သာ မိုးကျပါသောကြောင့် အံ့ခဲနေသော ပိတောက်ဖူးများသည်လည်း ဟိုတစ်ပွင့် ဒီတစ်ပွင့် ခပ်ကျဲကျဲသာ ပွင့်နေကြပါသည်။

"တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သကြၤန်မိုး" ဟူသော စာချိုးနှင့်အညီ "သကြၤန်ဖက်ဆွတ်မိုး" သည်လည်းကောင်း၊ လက်ဆေးရေမျှလောက်သာ ရွာတတ်သည့် "သကြၤန်လက်ဆေးမိုး" သည်လည်းကောင်း၊ သဘာဝလောကကြီးကို မကြိုဆိုကြသောကြောင့် တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်ပြည်လုံး တစ်ပြိုင်တည်း ပွင့်သည့် "ပိတောက်ပွင့်ရက် ရွှေဝါရက်" ကို ရောက်လိမ့်နိုးနိုးဖြင့် မျှော်ကိုးနေကြရပါသည်။

ကုန်းဘောင်ခေတ်စာဆို တောင်တွင်းကြီးဦးကြော့က

"လတန်ခူးပေမို့
အလှထူးပါဘိ
မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ"

ဟု ဖွဲ့ဆိုခဲ့ပါသည်။

"တစ်နှစ်တွင် သည်တစ်လသာပ
တစ်လတွင် တစ်ရက်ထဲ
ခက်ခဲတဲ့ရက်ဗုဒ္ဓါ
ပွင့်ရှာကြ စုံမြိုင်တွင်း"

ဟုလည်း ဖွင့်ပြခဲ့ပါသည်။

"ခါသကြၤန် ဂိမှာန်ရောက်ပြန်တော့
သိန်သရေ ထိန်ဝေတောက်တဲ့ပြင်
လမ်းတစ်လျှောက်သင်းတာမို့
ဆန်းသလောက်မလင်းနိုင်ဘု
ပန်းပိတောက်မင်း"

ဟူ၍လည်း ပန်းပိတောက်ရွှေဝါ၏ ထိန်ထိန်ဝေသော သိရိကျက်သရေနှင့် သင်းပျံ့သော ရနံ့ချိုချိုကို စာဖွဲ့ခဲ့ပါသည်။

ခေတ်စမ်း ကဗျာစာဆို ဆရာဇော်ဂျီကမူ

"မခူးချင်စမ်းပါနဲ့
နှစ်ဆန်းခါတော်မို့
ဇမ္ဗော်ရည်ပြေပြေလိမ်းကာပ
ခပ်သိမ်းနယ်စုံစုံသို့
ပွင့်ငုံကို လင့်ကုန်ကြတော့လို့
ခေါင်းကြွကာ ဆာဝေဝေနှင့်
သူလည်းလေ လောကီသားပေမို့
ကြားချင်လှပေလိမ့်မယ်"

ဟူ၍ ပိတောက်ပန်း၏ ကြော့မော့ကြားဝင့်သော အလှနှင့်အမူအရာကို လောကီလူသားတို့၏ ကြားကြားဝါဝါနေတတ်သော လူ့သဘာဝအမူအရာအဖြစ် အသက်သွင်းခဲ့ပါသည်။

တကယ်တော့ ကျွန်မတို့ မြန်မာများအတွက် "အတာသကြၤန်နှင့် ပိတောက်ပန်း"၊ "မြန်မာပြည်နှင့် ပိတောက်ပန်း" သည် တွဲလျက်အတူတူဖြစ်ပါသည်။

သကြၤန်ရက်များတွင် ပိတောက်တွေမပွင့်လျှင် တစ်စုံတစ်ခုလိုအပ်နေသလို ခံစားမိတတ်ကြပါသည်။

ပိတောက်တွေ ပင်လုံးကျွတ်၊ မြို့လုံးကျွတ်မပွင့်လျှင်လည်း မြန်မာတွေအတွက်၊ မြန်မာပြည်အတွက် တစ်စုံတစ်ခုလိုအပ်နေသလို စိတ်မရှင်း၊ ရင်မရှင်း ဖြစ်တတ်ကြပါသည်။

ယခုနှစ် သကြၤန်တွင် ရာသီဥတုက အလွန်ပူ။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းက အလွန်မြင့်။

သကြၤန်မိုးကမရွာ။

ပိတောက်ပန်းတွေလည်းမပွင့်။

အက်စစ်နှင့် ရေပက်မည်ဟူသော ကောလာဟလများကလည်း ထွက်။

၁၃၇၄ ခုနှစ် တစ်နှစ်လုံးတွင်လည်း ရခိုင်ကိစ္စ၊ ကချင်ကိစ္စ၊ မိတ္ထီလာကိစ္စတွေ၊ အခြားအခြားသောကိစ္စတွေကဖြစ်၊

ပြောချင်တိုင်း ပြောကြတာတွေ၊ တွေးချင်တိုင်းတွေးကြတာတွေ၊ လုပ်ချင်တိုင်း လုပ်ကြတာတွေ၊ ရေးချင်တိုင်းရေးကြတာတွေ၊ လုပ်ချင်တိုင်း လုပ်မရတာတွေကလည်းများ။

၁၃၇၅ ခုနှစ်အတွက် မိုးလေဝသ၏ သိပ္ပံနည်းကျဟောစာတမ်း၊ သကြၤန်စာ၏ ဝိဇ္ဇာနည်းကျ ဟောစာတမ်းတွေကလည်း ပစ်ပယ်လို့မရ။

ဤသို့သော အခြေအနေမျိုးတွင် ကျွန်မတို့ မြန်မာများသည် အသားကုန်ရေကစားနိုင်ကြပြီး သကြၤန်ကာလကို အပျော်ကြီးပျော်ရသော ရက်များအဖြစ် ပျော်ရွှင်စွာဖြတ်သန်းနိုင်ခဲ့ကြပါသည်။

သကြၤန်ဆိုလျှင် အမူးလွန်ကြ၊ အပျော်လွန်ကြ၊ စိတ်မထိန်းနိုင်ကြ၊ သရုပ်ပျက် ဝတ်စားနေထိုင်ကြ၊ စည်းကမ်းမလိုက်နာကြသောကြောင့် ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်တိုက်မှု၊ သေဆုံးထိခိုက် ဒဏ်ရာရမှု စသည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြစမြဲဖြစ်ပါသည်။

ယခုနှစ်တွင်မူ ထူးခြားလေစွ။

ယခင်နှစ်ထက် အမှုတစ်ဝက်မျှ လျော့ကျသွားသည်ဟု သိရှိရပါသည်။

"မင်္ဂလာရှိလေစွ" ဟု ကျူးရင့်ရမည်ဖြစ်ပါသည်။

သကြၤန်မတိုင်မီကပင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များက သတင်းစာများ၊ ဂျာနယ်များ၊ ရုပ်သံလိုင်းများ၊ မြို့ကြီးများတွင် နိုးဆော်ချက်များ အကြိမ်ကြိမ် ထုတ်ပြန်ခဲ့သည်ကို တွေ့မြင်ကြားသိခဲ့ရပါသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ဝတ်စားဆင်ယင်နေထိုင်ပြုမူ ပြောဆိုခြင်းများ မပြုကြရန်၊ ကြမ်းကြမ်းတမ်းတမ်း ရေမကစားကြရန်၊ တိုင်းရင်းသားများကို ထိခိုက်စေသည့် အပြောအဆို အပြုအမူများ မပြုလုပ်ကြရန်စသည့် တိုက်တွန်းနိုးဆော်ချက်များသည် မီးကို မလောင်ခင်ကတားခြင်းကဲ့သို့ပင် အတိုင်းအတာတစ်ခုအထိ ထိရောက်ခဲ့ပါသည်။

"မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော စတ်စားဆင်ယင် နေထိုင်ပြုမူ ပြောဆိုခြင်းများ မပြုကြရန်၊ ကြမ်းကြမ်းတမ်းတမ်း ရေမကစားကြရန်၊ တိုင်းရင်းသားများကို ထိခိုက်စေသည့် အပြောအဆို အပြုအမူများ မပြုလုပ်ကြရန် စသည့်တိုက်တွန်းနိုးဆော်ချက် များသည် မီးကို မလောင်ခင်ကတားခြင်းကဲ့သို့ပင် အတိုင်းအတာတစ်ခု အထိ ထိရောက်ခဲ့"

သတင်းစာများ၊ စာစောင်များတွင်လည်း မြန်မာ့ဂုဏ်သိက္ခာကို မထိခိုက်စေသည့် မြန်မာ့ရိုးရာမပျက်သော သကြၤန်ပွဲများဆင်နွှဲကြရန်အတွက် စည်းရုံးသတိပေးသော ဆောင်းပါးများစွာကို ဖတ်ရှုရပါသည်။

ရုပ်သံများ၊ မဂ္ဂဇင်းဂျာနယ်များ၏ အင်တာဗျူးများတွင်လည်း မြန်မာ့ယဉ်ကျေးမှုကို အလေးအမြတ်ထားပြီး ထိန်းသိမ်းစေလိုသော ပြည်သူများ၏ဆန္ဒနှင့် စကားသံများကို ကြားကြရပါသည်။

အမြင်မတော်သော အဖော်၊ အပြ၊ အဟိုက်၊ အတို၊ အပြတ်၊ အပါးများ ဝတ်စားဆင်ယင်မှု၊ ရေကစားမဏ္ဍပ်များတွင် အရက်ဘီယာများ သောက်စားရောင်းချမှု၊ မိန်းကလေးငယ်များ လူမှန်းသူမှန်းမသိ မူးပြီး ကာယိန္ဒြေပျက်နေမှု၊ လူရှေ့သူရှေ့တွင် မသင့်မလျော် နေထိုင်ပြုမူမှုများကို အားမပေး။ ဝေဖန်ပြစ်တင်ကြ၊ တားမြစ်ကြသည်ကိုလည်း သိမြင်ရပါသည်။

ဝတ်စားဆင်ယင်မှု၊ ကြမ်းတမ်းရိုင်းပျမှု၊ ကာယိန္ဒြေမထိန်းနိုင် မသိမ်းနိုင်ဖြစ်မှုများတွင်လည်း ၂၀၁၃ သကြၤန်သည် ၂၀၁၂ သကြၤန်လောက် မဆိုးရွားဟု ဝေဖန်သုံးသပ်ကြပါသည်။

၂၀၁၂ ၏ အဟောင်းအညစ်များကို အကောင်းအသစ်များဖြစ်အောင် ၂၀၁၃ ၏ သကြၤန်အတာရေဖြင့် ဆေးကြောရှင်းသန့်ခဲ့ကြလေပြီ။

ချောမောလှပချစ်စရာကောင်းလှသည့် နာမည်ကျော်ထင်ရှားသည့် ပြည်သူ့အချစ်တော် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ အနုပညာရှင်များ များစွာသည် ရန်ကုန်၊ နေပြည်တော်၊ မန္တလေး စသော မြန်မာနိုင်ငံ တစ်နံတစ်လျား မြို့ကြီးများတွင် ဆိုကြ၊ ကကြပါသည်။

အဖော်တွေ၊ အပြတ်တွေ၊ အပါးတွေ၊ တစ်ထပ်တည်းဝတ်တာတွေ မဟုတ်တော့ဘဲ လှလှပပ၊ ခေတ်မီမီ ဝတ်စားဆင်ယင်ပြီး ဆိုကြ၊ ကကြ၊ ပျော်ကြသည်ကိုတွေ့ရှိရပါသည်။

အချို့သော နာမည်ကြီး သရုပ်ဆောင်အဆိုတော်များ၊ တက်သစ်စ အဆိုတော်ငယ်လေးများ၊ မော်ဒယ်လ်များကတော့ နာမည်ကြီးရင် ပြီးရောဆိုပြီး ရောဂါတက်တုန်း၊ ကိုရီးယားမင်းသမီးတွေ နောက်လိုက်ပြီး ကိုယ့်အရှက်ကိုကိုယ်ခွဲတုန်း၊ ဘာမှန်းမသိတာတွေဝတ်ပြီး စင်ပေါ်တက်၍ ဖော်ကြ၊ ညှုကြ၊ ပလီပလာတွေပြောကြတုန်း၊ စိတ်ပျက်စရာ ရှက်ရွံ့စရာကောင်းလောက်အောင်ပင် လုပ်နေကြတုန်းဖြစ်ပါသည်။

နာမည်ကြီးနေသော သရုပ်ဆောင် အဆိုတော်လေးတစ်ယောက်မှာ ဘရာစီယာအနက်ပေါ်တွင် ဂျင်းအင်္ကျီအတိုအပြတ်လေး ထပ်ဝတ်ထားပြီး အင်္ကျီကြယ်သီးများ ဖြုတ်ထားသည်။ စင်ပေါ်တွင် သီချင်းဆိုရင်း တွန့်လိမ်ကပြရင်း ဗိုက်ရောင်းပွဲ၊ ချက်ရောင်းပွဲ၊ ဘရာစီယာကြော်ငြာပွဲ ကျင်းပနေပါသေးသည်။

အဆိုတော်ကြီး တစ်ယောက်ကလည်း ရင်တစ်ခုလုံး မဝေါ်ရုံတမယ်။

မန္တလေးသကြၤန်မဏ္ဍပ်ကြီးတစ်ခုတွင်မူ မိန်းကလေးတစ်ဦးကလည်း ထိုင်မသိမ်း အင်္ကျီပုံကို ပုံပျက် ပန်းပျက်ပုံဆိုးပန်းဆိုး မလုံမလဲဝတ်ကာ စင်ပေါ်တက် ကပြသွားပါသည်။

ရေကစားသူ မိန်းကလေးငယ်များထဲတွင်လည်း အတို၊ အပြတ်၊ အဖော်၊ အစုတ်များ ဝတ်ဆင်သူများ၊ မဖွယ်မရာ ကိုးရိုးကားရား ကနေကြသူများ၊ ဘီယာမူးပြီး အလဲလဲ အတွဲတွဲ ဖြစ်နေကြသူများ၊ ကိုရီးယားကားစရိုက်ကိုယူပြီး ကုန်းပိုးခေါ်သွားကြသူများ၊ ကိုယ့်ကိုဘယ်သူမှ မမြင်ဘူးထင်ပြီး နေချင်သလိုနေ နေကြသူများကိုလည်း တွေ့ကြရပါသေးသည်။

မနှစ်ကသကြၤန်အရှိန်များ၊ အနှစ်နှစ်က သကြၤန်အရှိန်များ တက်နေဆဲ၊ မိမိတို့လူ့အဖွဲ့အစည်းက လက်မခံသည်ကို ဂရုမစိုက်ဆဲ၊ မိမိ၏လူမှုရေးတန်ဖိုးနိမ့်ကျပျက်ပြားသွားသည်ကို မစဉ်းစားမိဘဲ မူးယစ်ရီဝေကဲချင်တိုင်း ကဲနေကြဆဲ ဖြစ်ပါသည်။

မည်သို့ဆိုစေ မနှစ်ကထက်စာလျှင် အများကြီးလျော့ပါးလာပြီဖြစ်သောကြောင့် ကျွန်မတို့နိုင်ငံ၏ အနာဂတ်၊ ကျွန်မတို့နိုင်ငံ၏ဂုဏ်သိက္ခာအတွက် အနည်းငယ်အသက်ရှူချောင်လာရပါသည်။

မန္တလေးဟိုတယ်သကြၤန်မဏ္ဍပ်တွင် ရုပ်ရှင်သရုပ်ဆောင် ထူးသာက ကမ္ဘာမှာ မြန်မာတစ်နိုင်ငံတည်း ထူးထူးခြားခြား အကြီးအကျယ်ကျင်းပသော မြန်မာ့သကြၤန်ပွဲဖြစ်ကြောင်း၊ ယဉ်ယဉ်ကျေးကျေး ဝတ်စားဆင်ယင်ပြီး ယဉ်ကျေးပျော်ရွှင်စွာ ရေကစားကြစေလိုကြောင်း၊ စင်ရှေ့မှ ရေကစားပရိသတ်အား မေတ္တာစကားပြောကြားခဲ့သည်ကို ကြားလိုက်ရပါသည်။ အနုပညာရှင်၏ တာဝန်ကျေပွန်သော ဦးထူးသာကို ကျေးဇူးတင်မိပါသည်။

မြန်မာ့ယဉ်ကျေးမှုသကြၤန်ပွဲတော်ကို တန်ဖိုးထားမှု၊ မြန်မာ့လူ့အဖွဲ့အစည်းကို လေးစားမှု၊ မိမိတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမှုများသည် အနုပညာရှင်များ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေပါသည်။ အနုပညာရှင်များ၏ ကိုယ်ရည်ကိုယ်သွေးဒီဂရီမြင့်တက်ခြင်းကို ဖော်ညွှန်းနေပါသည်။ အရွယ်ရောက်စ မိန်းကလေးငယ်များ၏ စံများ၊ ideal များဖြစ်သော အနုပညာရှင်များ၏ တာဝန်သိမှုများအတွက် အနုပညာရှင်များအား ကျေးဇူးတင်ကြရမည်ဖြစ်ပါသည်။

သားသမီးများ၊ မြေးများ၊ တူ တူမများ၊ တပည့်များနှင့် မိမိတို့၏လူမှုဝန်းကျင်ကို ဝိုင်းဝန်းကြပ်မတ်ထိန်းသိမ်းပေးကြသော အမေများ၊ အဘွားများ၊ အဒေါ်များ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများ၏ အင်အားစွမ်းရည်သည် အလွန်ထိရောက်လှပါသည်။

ကျွန်မတို့သည် မကောင်းခြင်းမှသည် ကောင်းခြင်းဆီသို့ ပြိုင်တူတွန်းခဲ့ကြသောကြောင့် ကောင်းသောအရှေ့တစ်ခုသို့ ရောက်ရှိခဲ့ကြပြီ ဖြစ်ပါသည်။

နှမ်းတစ်လုံးတည်းဖြင့် ဆီမဖြစ်သော်လည်း ဆီဖြစ်ရန်အတွက် နှမ်းတစ်လုံးချင်းစီ၏ ပါဝင်မှုမှာမှ မရှိမဖြစ်လိုအပ်လှပါသည်။

ကျွန်မတို့၏ သားသမီးများ၊ တူ တူမများ တပည့်သားမြေးများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ လှပသာယာရေး၊ ကျွန်မတို့မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ တင့်တယ်ခိုင်မာရေးများအတွက် ကျွန်မတို့အားလုံး ဆက်လက်ကြိုးပမ်းကြပါစို့။

အရှက်အကြောက်ကို ဖုံးကွယ်သော ဝတ်စားဆင်ယင်မှု၊ အရှက်အကြောက်ကို ထိန်းသိမ်းသော ပြုမူနေထိုင်မှု၊ အရှက်အကြောက်အခြေပြုသော မြန်မာ့လူမှုကျင့်ဝတ်များကို လိုက်နာမှုများဖြင့် အရှက်အကြောက်ကို တန်ဖိုးထားသော မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဂုဏ်ရည်မြင့်မားရေးကို ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းနိုးဆော်ရင်း မေတ္တာရပ်ခံအပ်ပါသည်။

"သာသနာရောင်ဝါ ဝင်းပါတဲ့
ရွှေမြန်မာ ပြည်အခင်းမှာလ
ပိတောက်ဝါ ရွှေမန်ကျင်းပါလို့
ပျံ့သင်းထုံလိုင်ကြူတဲ့
မြန်ပြည်သူ ဂုဏ်သတင်းတွေနှင့်
ရှင်းသန့်စေသား ။"

ပြည်တွင်းရေးရာ

❖ ရခိုင်ပြည်နယ်ပဋိပက္ခမှ

အပြန်အလှန် လက်ခံနိုင်မှုမရှိခြင်း၊ အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများ၊ ပြင်းထန်လာသော လူမျိုးရေးစိတ်ဓာတ်များ၊ နိုင်ငံရေးအရ လှုံ့ဆော်မှုများနှင့် လူအဖွဲ့အစည်းနှစ်ရပ်ကြား အပြန်အလှန် စွပ်စွဲပြစ်တင်မှုများကို သားစဉ်မြေးဆက် ပြုလုပ်ခဲ့ခြင်းများကြောင့် မကြာခဏ ဆိုသလိုပင် လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားခဲ့ပါသည်။ ယင်းဖြစ်စဉ်များအတွင်းမှ ၂၀၁၂ ဇွန်လနှင့် အောက်တိုဘာလများအတွင်း ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် သမိုင်းတစ်လျှောက်တွင် ကြီးမားသော ပဋိပက္ခတစ်ရပ် ဖြစ်ခဲ့ပါသည်။

၂၀၁၂ ခုနှစ် ပဋိပက္ခများအတွင်းတွင် လူပေါင်း(၁၉၂)ဦး အသက်ဆုံးရှုံးခဲ့ရပြီး (၂၆၅)ဦး ဒဏ်ရာရရှိခဲ့ရကာ နေအိမ်ပေါင်း (၈၆၁၄) ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ လူပေါင်း (၁)သိန်းကျော်သည်လည်း အိုးမဲ့အိမ်မဲ့ဖြစ်ရကာ ဒုက္ခသည်များ ဖြစ်ခဲ့ကြရပါသည်။ ပဋိပက္ခများကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်မှုများရှိလာပြီး မိသားစုများ၏ စားဝတ်နေရေး ခက်ခဲလာရုံသာမက ရခိုင်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများပါ ထိခိုက်မှုများစွာ ရှိလာခဲ့ပါသည်။ ထို့ပြင် လူမျိုးစုနှစ်စုအကြား အပြန်အလှန်တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် မိသားစုများ၏ လုံခြုံရေးကို စိုးရိမ်ပူပန်ရခြင်း၊ ကြောက်လန့်ခြင်းနှင့် မတည်မငြိမ်မှုကြောင့် အခြေခံလိုအပ်ချက်များ များပြားလာခြင်းတို့ကိုလည်း ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် ထိခိုက်လွယ်သော အမျိုးသမီးများနှင့် ကလေးသူငယ်များတွင် ပဋိပက္ခများကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ တိုးပွားလာသည့်အပြင် လူမျိုးစုနှစ်စုအကြား ဆက်ဆံရေးမှာလည်း အတိုင်းအတာတစ်ခုအထိ ပြတ်တောက်သွားခဲ့ပါသည်။ ထို့ပြင် သမိုင်းဖြစ်စဉ်များ၏ ခါးသီးမှုများကြောင့် လူမျိုးစုတစ်စုနှင့်တစ်စုအကြား ကန့်သတ်တားဆီးမှုများသည်လည်း တဖြည်းဖြည်း မြင့်မားလာသဖြင့် မယုံကြည်မှုများ တိုးပွားလာခြင်း၊ ဆက်ဆံရေး ပြတ်တောက်ခြင်းနှင့်တင်းမာမှုများ မြင့်တက်နေခြင်းတို့ ဖြစ်ပေါ်လာစေပါသည်။ အထက်ပါပြဿနာရပ်များကို အရေးတကြီး ကိုင်တွယ်ဖြေရှင်းရန် အတွက်-

- လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ထားရန်၊
- လုံခြုံတပ်အင်အားများ ရုတ်တရက်များပြားစွာ လျှော့ချခြင်း မပြုရန်၊
- နယ်စပ်လုံခြုံရေးတိုးမြှင့်ထားခြင်းနှင့် ကျွမ်းကျင်သော အဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့များ ကြိုတင်ဖွဲ့စည်း တာဝန်ပေးအပ်ထားရန်၊ ကျွမ်းကျင်သူများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးထားရန်၊ ဗုံးရှင်းလင်းရေးအဖွဲ့ ထားရှိပေးရန်နှင့် ခေတ်မီကောင်းမွန်သော အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်းကိရိယာများ တပ်ဆင်ပေးထားရန်၊
- အဓိကရုဏ်းနှိမ်နင်းရေးတွင် တပ်မတော်၏ အကူအညီရယူမည်ဆိုပါက တပ်မတော်တပ်ရင်းတပ်ဖွဲ့များအား ခေတ်မီ အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်း၊ မီးကျောက်များကို လုံလောက်စွာ ထုတ်ပေးထားရန်၊
- လုံခြုံရေးတပ်ရင်းတပ်ဖွဲ့များကို ဖွဲ့စည်းပုံအပြည့် အင်အားဖြည့်တင်းပေးထားရန်နှင့် ပဋိပက္ခဖြစ်ပွားရာ မည်သည့်နေရာဒေသကိုမဆို အမြန်ဆုံး ရောက်ရှိထိန်းသိမ်းနိုင်ရေးအတွက် ခေတ်မီသော ဆက်သွယ်ရေးစနစ်၊ ကုန်းလမ်း၊ ရေလမ်း၊ ရာသီမရွေးသွားလာနိုင်သည့် ခေတ်မီသောတပ်ဖွဲ့ပိုင် မော်တော်ကားများ၊ ရေယာဉ်များ၊ အမြန်ရေယာဉ်များ၊ စက်လှေများကို တပ်ဆင်ဖြည့်ဆည်းပေးထားရန်၊
- တပ်မတော်ရေတပ်အင်အား တိုးချဲ့ချထားရန်၊ ကမ်းခြေစောင့်ရေဒါစခန်းများ၊ ကင်းလှည့်လေယာဉ်များ၊ CCTV စောင့်ကြည့်ကင်မရာများ၊ လူလုပ်အတားအဆီးများချထားရန်၊
- ကမ်းခြေစောင့်ရေကြောင်းရဲတပ်ဖွဲ့ (Marine Police/Coastal Police) ကိုဖွဲ့စည်း၍ Assault Boat ကင်းလှည့်တိုက်ခိုက်ရေး ရေယာဉ်များကို ထုတ်ပေးထားပြီး ရေတပ်နှင့် ပူးပေါင်းကင်းလှည့်ခြင်းများ ဆောင်ရွက်စေရန်၊
- အကြမ်းဖက်အဖွဲ့အစည်း၊ အစွန်းရောက်အဖွဲ့အစည်းများ၏ အန္တရာယ်မှ ကြိုတင်ကာကွယ်ထောက်လှမ်းသိရှိနိုင်ရန် စစ်ဘက်ထောက်လှမ်းရေး၊ အရပ်ဘက်ထောက်လှမ်းရေးများပါဝင်သည့် Spicial Team တစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်သွားရန်၊
- ရခိုင်ပြည်နယ်ရှိ လဝက ဝန်ထမ်းအင်အားများကို အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းပုံအပြည့် ဖြည့်တင်းပေးရန်၊
- နယ်စပ်ဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရအမိန့်များထုတ်ပြန်ပြီး ဆက်လက်ထိန်းချုပ်ထားရန်၊
- ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊
- ယခုနှစ် ဒီဇင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုသို့ ဖြစ်ပါက ထိစပ်နေသော နယ်စပ်ဒေသသို့ အကျိုးဆက်များ သက်ရောက်လာနိုင်ပါသည်။ ထို့အတွက် ကြိုတင်စဉ်းစားထားရန်နှင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်၊
- ပဋိပက္ခနှင့်ပတ်သက်၍ ဖြေရှင်းမည့်နည်းလမ်းများ ရေးဆွဲခြင်း၊ ဥပဒေ၊ နည်းဥပဒေများအား သုံးသပ်ခြင်းနှင့် ကြိုတင်ကာကွယ်သည့် စနစ်တစ်ရပ်ထူထောင်ရန်အတွက် အစီအမံများရေးဆွဲထားရန်၊
- တရားဥပဒေစိုးမိုးရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဖွဲ့စည်းပုံအရ လိုအပ်နေသော ဝန်ထမ်းအင်အားကို ထပ်မံဖြည့်တင်းရန်၊ အထူးသဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့အား ဖြည့်တင်းပေးရန်၊
- တရားစီရင်ရေးတွင်လည်း သာတူညီတူနှင့် လျင်မြန်စွာ အရေးယူဆောင်ရွက်နိုင်ရေးပြင်ဆင်ထားရန်၊
- မည်သို့ပင်ဖြစ်စေ အစိုးရဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံတွင် နေထိုင်ကြသော ပြည်သူပြည်သားအားလုံးသည် နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာလုပ်ဆောင်ကြရန်ဖြစ်သည်။ အကယ်၍ အဆိုပါဥပဒေ၊ လုပ်ထုံးလုပ်နည်းတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေအတိုင်း တိတိကျကျအရေးယူသွားရန်တို့ကို လုပ်ဆောင်သင့်ပါသည်။

ပြန်လည်ထူထောင်ရေးအတွက် အစိုးရနှင့် အဖွဲ့အစည်းများသည် အရေးပေါ် ကယ်ဆယ်ရေးအစီအစဉ်နှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ဟူ၍ အပိုင်းများခွဲကာ အစားအစာ၊ အမိုးအကာ၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကိစ္စရပ်များကို တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်နေကြပါသည်။ သို့ရာတွင် လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင်အောင်မြင်ခဲ့သော်လည်း လိုအပ်ချက်များစွာ ရှိနေပါသေးသည်။ အစားအစာကဏ္ဍတွင် စုစုပေါင်းလိုအပ်ချက်၏ (၁၅)ရာခိုင်နှုန်းခန့် ဖြည့်ဆည်းရန် ထပ်မံလိုအပ်နေခြင်းနှင့် အာဟာရမပြည့်ဝခြင်း၊ အမိုးအကာကဏ္ဍတွင် လိုအပ်ချက်၏ (၉၀) ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်ပေးရန်နှင့် မိုးရာသီမတိုင်မီ ဆောက်လုပ်ရန် လိုအပ်နေခြင်း၊ ကျန်းမာရေးကဏ္ဍတွင် ကူးစက်ရောဂါများ တားဆီးကာကွယ်ရန်နှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအား အဆင့်မြှင့်တင်ရန် လိုအပ်နေခြင်း၊ ပညာရေးကဏ္ဍတွင်လည်း ဆရာဆရာမများ လိုအပ်ချက်ရှိနေခြင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းပြန်တက်နိုင်ရေးနှင့် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို အလျင်အမြန် ဆောင်ရွက်ရန်အစရှိသည့် လိုအပ်ချက်များစွာ ရှိနေပါသည်။ အထက်ပါပြဿနာရပ်များကို ဖြေရှင်းနိုင်ရန်အတွက်-

- ပြည်နယ်အတွင်း ကလေးများ၏ အာဟာရချို့တဲ့မှုကို လျော့လာရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အမြန်ဆုံးပြန်လည်လုပ်ကိုင်နိုင်ရေး စီစဉ်ပေးရန်။
- မိုးတွင်းကာလမတိုင်မီ ဒုက္ခသည်များအား ယာယီတဲများမှ လုံခြုံသည့် အဆောက်အအုံများတွင် နေရာချထားရန်နှင့် ဒုက္ခသည့်စခန်းများတွင် လူဦးရေ သိပ်သည်းမှုကို လျှော့ချရန်။
- ဒုက္ခသည်စခန်းများတွင် ရေသန့်ရရှိရေးနှင့် အိမ်သာများ လုံလောက်စွာ ဆောက်လုပ်ပေးရန်။
- စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုများကို ပြန်လည်တည်ငြိမ်လာရေးအား အမြန်ကုစားပေးရန်။
- ပိတ်ထားသောစာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းပြန်တက်နိုင်ရေးကို အစီအစဉ်များချမှတ်အကောင်အထည်ဖော်ရန်။
- စာသင်ကျောင်းများတွင် ပြည်သူ့နီတိ (Civic Education) နှင့် စာတတ်မြောက်ရေး "အသုံးလုံး"အစီအစဉ်များ အကောင်အထည်ဖော်ပေးရန်။
- ဒေသခံပြည်သူများ၏ ဘာသာစကားဖြင့် ထုတ်လွှင့်သော ရေဒီယိုအသံလွှင့်ဌာန (FM Radio Station) တစ်ခုတည်ထောင်ပေးရန်နှင့် နောင်တွင် TV Channel တစ်ခုကိုပါ ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ထားရန်တို့ကို ပြုလုပ်သင့်ပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးရေးတို့ကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ ဖော်ထုတ်၍ ဖြည့်ဆည်းသွားရန် လိုအပ်နေပါသည်။ သို့ရာတွင် လူမျိုးစုနှစ်စုအကြား အေးချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အရေးပါပါသည်။ ထို့ကြောင့် အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး ကိစ္စရပ်များကို ဖော်ဆောင်နိုင်ရန်-

- မြန်မာစာ မြန်မာစကားနှင့် ယဉ်ကျေးမှုထုံးစံများကို ပိုမိုတတ်မြောက်အောင် သင်ယူစေခြင်း၊
- ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများအကြား လူမှုဆက်ဆံရေး ပိုမိုထိတွေ့မှုရှိစေရန်နှင့် အပြန်အလှန်နားလည်မှု ရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊
- မြန်မာနိုင်ငံအပေါ် သစ္စာစောင့်သိမှုများတိုးပွားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း၊
- ရသင့်ရထိုက်သည့် လူ့အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊
- တရားမဝင်နေထိုင်သူများကို ကိုင်တွယ်ရာတွင် အစိုးရအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊
- နိုင်ငံသားဖြစ်ရေး၊ မဖြစ်ရေးနှင့်ပတ်သက်သည်များကို အမြန်စိစစ်ရန် လိုအပ်ခြင်း၊ ၁၉၈၂ ဥပဒေကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရန်လိုအပ်ခြင်း၊
- တရားရေးနှင့် ဥပဒေစိုးမိုးရေးကဏ္ဍသည် ပြဿနာတစ်ရပ်အား ဖြေရှင်းပေးနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ရန် လိုအပ်ခြင်း၊
- သဘောထားပျော့ပျောင်းသည့် နှစ်ဖက်ခေါင်းဆောင်များဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းအကောင်အထည်ဖော်စေခြင်း၊
- ဘာသာတစ်ခုမှ တစ်ခုအား စော်ကားခြင်း၊ ပုတ်ခတ်ခြင်းနှင့် အစွန်းရောက်ဘာသာရေးအတွေးအခေါ် လုပ်ဆောင်မှုများအား ကာကွယ်တားမြစ်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

သတင်းအချက်အလက်များ စီးဆင်းမှုသည်လည်း ပဋိပက္ခများအပေါ် အကျိုးသက်ရောက်မှုများစွာ ရှိနေသည့်အတွက် သတင်းမီဒီယာများအား-

- ပဋိပက္ခတိုးပွားစေမည့် အပြုအမူနှင့် ပြောဆိုမှုများအား ရှောင်ကြဉ်စေရန်ဆောင်ရွက်ခြင်း၊
- သတင်းအချက်အလက်များကို တိကျမြန်ဆန်စွာထုတ်ပြန်ပေးခြင်း၊
- ကျေးလက်တွင် မှန်ကန်သောသတင်းများရရှိစေရန် ရေဒီယိုမှ ထုတ်လွှင့်ခြင်း၊ စာစောင်များ ဖြန့်ဝေခြင်းနှင့် အသံချဲ့စက်များဖြင့် ကြေညာခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။



အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး Dr.Noeleen Heyzer က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်သမ္မတ၏ ထက်မြက်သည့်အမြင်၊ ခေါင်းဆောင်မှုနှင့် စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များအတွက် အထိအမှတ်ပြုဆုတံဆိပ်ကို ချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ရောက်ရှိကြရာ ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် Mr.Jan.Eliasson နှင့် ESCAP အမှုဆောင် အတွင်းရေးမှူး Dr.Noeleen Heyzer တို့က ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် အဖွဲ့ဝင်များသည် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဒုတိယအတွင်းရေးမှူးချုပ်က ဖတ်ကြားပြီး ESCAP အမှုဆောင်အတွင်းရေးမှူးက ဖွင့်ပွဲနှင့် မူဝါဒဆိုင်ရာ မိန့်ခွန်းပြောကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကုလသမဂ္ဂ၏အခန်းကဏ္ဍကို ဖော်ညွှန်းသည့် အကဝိဒေသာဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုကြသည်။

ထို့နောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး Dr.Noeleen Heyzer က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်သမ္မတ၏ ထက်မြက်သည့်အမြင်၊ ခေါင်းဆောင်မှုနှင့် စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များအတွက် အသိအမှတ်ပြုဆုတံဆိပ်ကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင်-

UN ESCAP၏ အမှုဆောင်အတွင်းရေးမှူးအဖြစ် တာဝန်ယူချိန်မှစပြီး မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းတစ်ဦးအနေဖြင့် ရပ်တည်ခဲ့သည့် ဒေါက်တာနော်လင်းဟေဇာ၏ ဖိတ်ကြားချက်ကို လက်ခံတက်ရောက်နိုင်သည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ ဒေါက်တာနော်လင်းဟေဇာ၏ တည်ကြည်သည့် ဦးဆောင်မှု၊ ပြတ်သားသည့် ဆုံးဖြတ်ချက်များနှင့် ESCAP အဖွဲ့ကြီးသည် ဒေသတွင်းကိစ္စရပ်များကို အကောင်းဆုံး ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံကို ပြောင်းလဲမှု လမ်းကြောင်းပေါ်ရောက်အောင်ဆောင်ရွက်နိုင်သည့် ခေါင်းဆောင်မှုနှင့် ရဲဝံ့မှုတို့အတွက် အသိအမှတ်ပြုသည့်အနေဖြင့် UN ESCAP က ဂုဏ်ပြုဆုကို ပေးအပ်သည့်အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ဤဆုကိုရရှိခြင်းသည်လည်း မိမိတစ်ယောက်တည်း၏ကြိုးပမ်းမှုကြောင့် မဟုတ်ဘဲ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ စုပေါင်းဆောင်ရွက်မှုကြောင့်ရရှိခြင်းဖြစ်ပါကြောင်း။

အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်သည် အာရှပစိဖိတ်ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအတွက် အထူးအရေးပါသည့် အခန်းကဏ္ဍကပါဝင်ခဲ့ခြင်းလည်းဖြစ်ပါကြောင်း၊ ယင်းကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သည့် ရှေ့ပိုင်းနှစ်များတွင် ဦးဆောင်မှုပေးခဲ့သော မိမိတို့၏မြန်မာနိုင်ငံသားတစ်ဦးဖြစ်သည့် ဦးညွန့်အတွက်လည်း မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ESCAP အဖွဲ့ကြီးနှင့် ပူးပေါင်းလုပ်ဆောင်ရန် ခိုင်ကျည့်သည့် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် အဓိကရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်ပြိုင်နက်တည်း အရှိန်အဟုန်မြှင့်ဖော်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိဖြစ်ပေါ်တိုးတက်နေသည့် နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲများကနေ ပေါ်ပေါက်လာသည့် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင် အသုံးချနိုင်ရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် Stakeholders အားလုံးပါဝင်သော ပွင့်လင်းသည့်ဆွေးနွေးမှုများကို အစပြုနေပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍအပေါ် အဓိကအမှီပြုရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကလည်း အထူးအရေးကြီးပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင်လည်း အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုများနှင့်အတူ ပြုပြင်ပြောင်းလဲရေးများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် အကူအညီပေးခဲ့သည့် UN ESCAP ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် အင်မတန်အရေးကြီးသည့် အချိန်တွင် ယခုကဲ့သို့ တွေ့ဆုံကြခြင်းဖြစ်ပါကြောင်း၊ ၂၁ ရာစုအစောပိုင်းကာလများတွင် မိမိတို့အာရှနှင့် ပစိဖိတ်ဒေသ၏ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲမွဲတေမှုကို အောင်မြင်စွာ လျှော့ချတိုက်ဖျက်နိုင်မှုများသည် ကမ္ဘာတွင် အဓိကအရေးပါသည့် အဖြစ်အပျက်တစ်ခုဖြစ်ခဲ့ပါကြောင်း။

တစ်ဖက်တွင်လည်း ယခုလို အောင်မြင်မှုများ ရရှိခဲ့သော်လည်း ဆက်လက်ဆောင်ရွက်စရာများ ကျန်ရှိနေသေးသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေဆဲဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေသည် နှစ်အနည်းငယ်ကြာ ဆိုးရွားသည့်အခြေအနေများနှင့် ရင်ဆိုင်နေရပြီး ယခုထက် ဆိုးရွားသည့်စီးပွားရေးအကျပ်အတည်းကာလများနှင့် တွေ့ကြုံကောင်း တွေ့ကြုံရနိုင်သည့် အနေအထားများရှိနေပါကြောင်း၊ ထိုကဲ့သို့ စီးပွားရေးအကျပ်အတည်းများဖြစ်ခဲ့လျှင် အာရှဒေသထွက်ကုန်များအပေါ် ပယ်လိုအားကျသွားနိုင်ပြီး မိမိတို့အာရှပစိဖိတ်ဒေသကိုလည်း ရိုက်ခတ်လာမည်ဖြစ်ပါကြောင်း။

စီးပွားရေးတိုးတက်မှု နှေးကွေးလာသည်နှင့်အမျှ စီးပွားရေးအကျပ်အတည်း၏ဒဏ်ကို အများဆုံး ခံစားကြရသည်မှာ ဆင်းရဲသည့်နိုင်ငံများနှင့် ပြည်သူလူထုပင်ဖြစ်ပါကြောင်း၊ စီးပွားရေးအကျပ်အတည်းမတွေ့ဘဲ မှန်မှန်တိုးတက်နေသည်ဆိုလျှင်ပင် မိမိတို့အနေဖြင့် အထိန်းအကွပ်မဲ့သည့် ဖွံ့ဖြိုးမှုသည် အန္တရာယ်များကို ဆောင်ကြဉ်းလာသည်ဆိုသည်ကို သတိပြုကြရန်လိုပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ၊ လူမှုသဟဇာတဖြစ်မှုများ၊ သာမန်ပြည်သူလူထု၏ နေ့စဉ်ဘဝအပေါ် ရိုက်ခတ်မှုများကိုလည်း ထည့်သွင်းစဉ်းစားကြရန်လိုပါကြောင်း၊ အာရှပစိဖိတ်ဒေသသည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေပိုများသည့်ဒေသဖြစ်သည်ဆိုသည်ကိုလည်း မိမိတို့နားလည်ထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုနှစ်ဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သည့် သဘာဝဘေးအန္တရာယ်များနှင့် စီးပွားရေးအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားရေးဆိုသည့် ခေါင်းစဉ်သည် အထူးဆီလျော်ညီညွတ်သည့်ခေါင်းစဉ်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်းအဆင်းရဲဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်ဆိုသည်ကို မိမိတို့အနေဖြင့် ပွင့် ပွင့်လင်းလင်းဝန်ခံရမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဤအခြေအနေကို ပြောင်းလဲနိုင်ရန် အပုမ်းညီစွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်ရန် အထူးကြိုးစားလုပ်ဆောင်နေပါကြောင်း၊ တစ်ပြိုင်နက်တည်းမှာပင် ပိုမိုထိခိုက်လွယ်သည့် လူ့အသိုက်အဝန်းကို အထူးဂရုပြုကာကွယ်ပေးရန်၊ နိုင်ငံကို ဆင်းရဲမွဲတေ၊ သက်ဆိုးရှည်စေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကိုအဆုံးသတ်ပြီး တရားနည်းလမ်းတကျ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ အထီးကျန်မှုကို အဆုံးသတ်၊ ပိတ်ဆို့မှုများကို ပယ်ဖျက်ပြီး ကမ္ဘာ့စီးပွားရေးဈေးကွက်ကို မျက်နှာပန်းလှလှ ပြန်လည်ပင်ရောက်နိုင်စေရန် အထူးကြိုးစားနေသည်ဆိုသည်ကိုလည်း တပ်လောင်းကတိပြုလိုပါကြောင်း။

ကျယ်ပြန့်သည့် ကမ္ဘာ့စီးပွားရေးဈေးကွက်ထဲကို ပါဝင်ဆောင်ရွက်လိုက်သည်နှင့်အမျှ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများ၊ မထင်မှတ်သည့် ရိုက်ခတ်မှုများသည် မိမိတို့အပေါ် သက်ရောက်လာနိုင်သည်ဆိုသည်ကိုလည်း သိရှိသဘောပေါက်ထားရန်လိုပါကြောင်း၊ ၁၉၉၇ ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်သည့်အချိန်တွင် သာမျှ ကြိုတင်မျှော်လင့်ပြင်ဆင်ထားခြင်းမရှိသည့်အတွက် မြန်မာပို့ကုန်များအားလုံး ရုတ်တရက်ဈေးထိုးကျပြီး ပြိုလဲခြင်းနှင့် ရင်ဆိုင်ခဲ့ရပါကြောင်း၊ ထန်းပေါင်းများစွာသော ပြည်သူများသည် ပိုင်ဆိုင်မှု ဘာမျှမကျန်တော့သောက်အောင် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ထို့နောက်တွင် အစွန်းရောက်အယူအဆများသည်း ပေါ်ထွက်ခဲ့ပါကြောင်း။

သဘာဝဘေးအန္တရာယ်ကပ်ဆိုးများ၏ ဆိုးရွားသည့် အန္တရာယ်ကို မိမိတို့နိုင်ငံအနေဖြင့်လည်း အထူးသတိပြုအလေးထားပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် အထူးသဖြင့် မိမိ၏မွေးရပ်ဇာတိအမိရှိသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် လူပေါင်းတစ်သိန်းကျော်သေဆုံးခဲ့ရပါကြောင်း၊ မုန်တိုင်းသင့်ပြည်သူများကို ပိုင်းပန်းကူညီစောင့်ရှောက်ကြသည့် နိုင်ငံတကာအသိုင်းအဝိုင်းထဲတွင် ဒေါက်တာဟေဇာနှင့်အဖွဲ့သည် ရှေ့ဆုံးမှ ပါဝင်ခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့် ထိုသို့သော သဘာဝဘေးအန္တရာယ်များ နောက်တစ်ကြိမ် မြန်မာနိုင်ငံသို့ ပင်ရောက်လာနိုင်သေးသည်ကိုလည်း သေချာစဉ်းစားပြင်ဆင်ထားရမည်သာဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံစီအတွက်သာမက အာရှ-ပစိဖိတ်ဒေသကြီးတစ်ခုလုံးအတွက် သက်ဆိုင်ပြီး အားလုံးအတူလက်တွဲပြင်ဆင်ရင်ဆိုင်ကျော်လွှားသွားကြရမည်ဆိုသည်ကို မိမိတို့နားလည်ထားပါကြောင်း၊ မိမိတို့ဒေသတွင်း အသိုင်းအဝိုင်းတွင် အတွေ့အကြုံများဖလှယ်သွားကြပြီး စိန်ခေါ်မှုများနှင့်ခြိမ်းခြောက်မှုများကိုလည်း အတူတကွလက်တွဲပြီး ရင်ဆိုင်သွားကြရန်ကိုလည်း မိမိအနေဖြင့် မျှော်လင့်မိပါကြောင်း။

ဆက်လက်ဆွေးနွေးသွားမည့် ကိစ္စရပ်များအားလုံး အကောင်းဆုံးဆောင်ရွက်ဆွေးနွေးနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ထိုင်းဝန်ကြီးချုပ်ကိုယ်စား မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသဘာပတိအဖြစ် အရှေ့တီမောဝန်ကြီးချုပ်အား ရွေးချယ်တင်မြှောက်ကြပြီးနောက် သဘာပတိက မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြပွဲအား စက်ခလုတ်ပြိုင်တူနှိပ်၍ ဖွင့်လှစ်ပေးကာ စုပေါင်း၍ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဝန်ကြီးအဆင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ESCAP အမှုဆောင်အတွင်းရေးမှူး Dr.Noeleen Heyzer က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

ရသည့် ပြဿနာဖြစ်ကြောင်း၊ ကော်မရှင်က တာဝန်ပေးခြင်းခံရသည့်အချိန်မှာ ပြုပြင်ပြောင်းလဲရေးအတွက် တတ်နိုင်သည့်ဘက်မှ ပါဝင်မည်ဆိုသည့်စိတ်နှင့် ပါဝင်ခဲ့ကြောင်း၊ ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေး၊ သဟဇာတရှိသည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီဒီယာအဖွဲ့အစည်းများကိုလည်း ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ အစီရင်ခံစာတွင် ပါဝင်သည့် အချက်အလက်များကိုလည်း ရှင်းရှင်းလင်းလင်းဖော်ပြပေးစေချင်ပါကြောင်း ပြောကြားသွားသည်။

ယင်းနောက် ပြည်တွင်း ပြည်ပမှ သတင်းထောက်များ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ ယက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများက အစီရင်ခံစာနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင်အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဦးကိုကိုကြီး၊ ဒေါ်ယဉ်ယဉ်နွယ်နှင့် ဦးသူရ(ခ) ဦးဇာဂနာတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးကြပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ ယက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာကြသူများအား ကော်မရှင်၏အစီရင်ခံစာအပြည့်အစုံကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထားသည့်စီဒီများကို ဖြန့်ပေးပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်၏နောက်ခံသမိုင်းအကျဉ်း၊ ပဋိပက္ခဖြစ်ပွားမှုများအကျဉ်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်း နှစ်ခုတို့အကြား တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် အခြေအနေများနှင့် ၂၀၁၂ ခုနှစ်အတွင်း ပဋိပက္ခဖြစ်စဉ်များ ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ဆူပူအကြမ်းဖက်မှုများကြောင့် ဆုံးရှုံးမှုများ၊ သက်ရှိလူမှုရေးနှင့် စီးပွားရေး အခြေအနေများ၊ တည်ငြိမ်အေးချမ်းမှုရရှိနိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပြည်သူများ၏အမြင်၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက် အကြံပြုချက်၊ သတင်းထုတ်ပြန်ရေးနှင့်ပတ်သက်သည့်အကြံပြုချက်များနှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့်လိုအပ်ချက်များ၊ အကြံပြုချက်များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြထားသည်။

ယင်းအစီအရင်ခံစာတွင် စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် လက်မှတ်များဖြင့် အခန်းပေါင်း ၁၅ ခန်း၊ စာမျက်နှာပေါင်း ၁၈၃ မျက်နှာ ပါဝင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အသွင်ကူးပြောင်းရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်... H.E. Mr. Hanana Gusmao၊ ကုလသမဂ္ဂ ဒုတိ... လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဗန်ကောက်မြို့၌ရောက်ရှိနေသော အရှေ့တီမောဝန်ကြီးချုပ် H.E. Mr. Hanana Gusmao နှင့်တွေ့ဆုံသည်။

နှင့် အဖွဲ့အား ...
ယင်းသို့တွေ့...
သမ္မတက ...
မြန်မာနိုင်ငံ၏ ...
များကို အသိအ...

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံ ဗန်... ကော်မရှင်အစည်းအဝေးသို့တက်ရောက်ပြီး နေပြည်...

တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ အရှေ့တီမောနိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုပါဝင်နိုင်မည့် အလားအလာများကို ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr. Jan Eliasson

ကျေးဇူးတင်ပါ...
အသိအမှတ်ပြု...
ပြည်သူများ၏...
တော်လစ် တည်...
မှုကို အသိ...
ပြည်သူများမှ...
မည်ဖြစ်ပါကြော...
ကုလသမဂ္ဂအ...
အတွက် ကုလသ...
များစွာအလေး...
မြန်မာနိုင်ငံ...
ရေးလုပ်ငန်းစဉ်...
အဖွဲ့အစည်းမျ...

☆ **ဒုက္ခသည်မိသားစုမှ**

နိုင်ငံတော်သမ္မတမှ ၂၀၁၃ ခုနှစ် ဧပြီ ၉ ရက်...
ပတ်သက်ပြီး အထူးအစည်းအဝေးခေါ်ယူကာ လုပ်ငန်...
ဖော်ဆောင်ရွက်ကြရန် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း၊...
နှစ်ယတာကာလအတွင်း အမြန်ဆုံးအကောင်အထည်...
လုပ်ငန်းသည် ဒုက္ခသည်မိသားစုများ အမိုးအကာအော...
သိန်းဂဏန်းကျန်ရှိသည့် ဒုက္ခသည်မိသားစုများကို...
ရောက်ရှိအောင် လုပ်နိုင်ယောနည်းလမ်းဖြစ်သည့် အ...
တည်ဆောက်၍ အချိန်မီ ပြောင်းရွှေ့ရေးလုပ်ဆောင်သွ...
နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီအနေဖြင့် ရခိုင်ပြ...
အပါအဝင် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအား...
ဥပဒေနှင့်အညီ စိစစ်ရာ၌ အခက်အခဲမျိုးစုံ ကြုံတွေ့ရ...
ရပ်ဖများ၊ UN နှင့် နိုင်ငံတကာအဖွဲ့အစည်းများအာ...
အောင် စိစစ်ကောက်ယူသွားမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများအလို...
ကွင်းဆင်းစစ်ဆေးဆောင်ရွက်နိုင်အောင် ကြိုးစားသွား...
အရေးသည် လူမျိုးစု၊ လူမှုရေး၊ ဘာသာရေး၊ ဒေသ၏...
သည့်အတွက် သိမ်မွေ့နက်နဲသည့် ကိစ္စဖြစ်ပါကြောင်း၊...
များနှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ရေတိုရေရှည်လုပ်ငန်းများ အောင်မြင်အောင်...
လုပ်ငန်းကော်မတီများသဲမှ စီမံခန့်ခွဲ ကွပ်ကဲရေးအဖွဲ့မျာ...
သင့်တော်သည် နေရာများ၌ အလည်ကျ အခြေပြု...
ရွက်ကြမှသာ ထိရောက်မည်ဖြစ်သည်အတွက် စီမံ...

အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂက အင်တိုက်အားတိုက်ကူညီခဲ့သည့်အတွက် အောင်မြင်မှုရရှိ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေးသို့တက်ရောက်ပြီး အရှေ့တီမောဝန်ကြီးချုပ် H.E. Mr. Hanana Gusmao၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr. Jan Eliassen နှင့် ESCAP အမှုဆောင်အတွင်းရေးမှူး Dr. Noeleen Heyzer တို့အား ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ထိုင်းနိုင်ငံရှိ ESCAP အဆောက်အအုံ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဗန်ကောက်မြို့၌ရောက်ရှိနေသော အရှေ့တီမောဝန်ကြီးချုပ် H.E. Mr. Hanana Gusmao နှင့်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တကဏ္ဍနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ အရှေ့တီမောနိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုပါဝင်နိုင်မည့် အလားအလာများကို ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr. Jan Eliasson နှင့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင်နိုင်ငံတော်သမ္မတက ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်မှုများကို အသိအမှတ်ပြုသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ထိုကဲ့သို့ အသိအမှတ်ပြုခြင်းသည် မြန်မာပြည်သူများ၏ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကြိုးပမ်းမှုကို အသိအမှတ်ပြုခြင်းဖြစ်၍ ပြည်သူများမှလည်း ကျေးဇူးတင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ကုလသမဂ္ဂနှင့်ဆက်ဆံရေးကို များစွာအလေးထားပါကြောင်း။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက အင်တိုက်အားတိုက် ကူညီပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ ကူညီခဲ့သည့်အတွက် အောင်မြင်မှုများလည်း ရရှိခဲ့ပါကြောင်း၊ သို့သော် စိန်ခေါ်မှုများလည်း ပေါ်ပေါက်ခဲ့ပါကြောင်း၊ ထိုစိန်ခေါ်မှုများကို မိမိတို့အားလုံး ပူးပေါင်းပြီး ကျော်လွှားကြရမည် ဖြစ်ပါကြောင်း၊ ပဋိပက္ခဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်တွင် လူ့အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး၊ ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အဆင့်မြှင့်တင်ရေးကိစ္စတွင် ကုလသမဂ္ဂမှ ပါဝင်ကူညီဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံတော်သစ်ကို ကိုယ်စားပြုသည့် သမ္မတကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက ဆွီဒင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်တပင် မြန်မာနိုင်ငံဆိုင်ရာကိစ္စများကို ထိတွေ့ဆောင်ရွက်ခဲ့ရပါကြောင်း။

ယခုအချိန်တွင် မိမိအနေဖြင့် မာလီ၊ ဆီးရီးယားနိုင်ငံအရေးအခင်းများကို ဆောင်ရွက်နေရပါကြောင်း၊ ထိုနိုင်ငံများတွင် ဘာသာရေး၊ လူမျိုးရေးကွဲပြားမှုများကြောင့် ပြည်သူများ မည်မျှထိခိုက်နစ်နာဆုံးရှုံးသည်ကို တွေ့ရှိနေရပါကြောင်း၊ သမ္မတကြီး၏ မိတ္ထီလာအရေးအခင်းနှင့်ပတ်သက်သည်မိန့်ခွန်းကို လိုက်လိုက်လှဲလှဲ ထောက်ခံပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးတို့ လေးစားမှုများ ဟန်ချက်ညီညီ ပေါင်းစပ်နိုင်မှ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ ပိုမိုပေးအပ်နိုင်ရေး ကြိုးပမ်းသွားမည် ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ESCAP အမှုဆောင်အတွင်းရေးမှူး Dr. Noeleen Heyzer အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ESCAP ၏ အစီအစဉ်ဖြင့် တစ်နှစ်လျှင် မြန်မာနိုင်ငံမှ ထူးချွန်လူငယ် ၁၀၀ အား ICT နည်းပညာများ သင်ကြားပေးမည့် ငါးနှစ်စီမံကိန်းဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုမူဘောင်အတွင်းမှ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် ESCAP မှ ကူညီဆောင်ရွက်ပေးနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ESCAP ၌ တာဝန်ထမ်းဆောင်နေကြသည့် မြန်မာမိသားစုဝင်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သော UNHCR ၊ UNAIDS၊ UNIAP၊ UNOPS ၊ UNODS ၊ FAO အစရှိသည့် အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် မြန်မာမိသားစုများက လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတက ယခုလို လာရောက်ပြီး အလုပ်လုပ်နေကြသည်ကို ဝမ်းသာပါကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားနေချိန်ဖြစ်သောကြောင့် ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ပိုင်းဝန်းကူညီပေးစေလိုကြောင်း၊ ကျန်းမာချမ်းသာကြစေရန်နှင့် နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်နိုင်ပါစေကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ နေပြည်တော်သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည် ထွက်ခွာလာရာ ညနေ ၆ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေးသို့တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ဒုတိယသမ္မတများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗန်ကောက်မြို့၌ ရောက်ရှိနေသော အရှေ့တီမောဝန်ကြီးချုပ် H.E. Mr. Hanana Gusmao နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

☆ ဒုက္ခသည်မိသားစုမှ

နိုင်ငံတော်သမ္မတမှ ၂၀၁၃ ခုနှစ် မေ ၉ ရက်တွင် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး အထူးအစည်းအဝေးခေါ်ယူကာ လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း၊ ထို့ကြောင့် မိုးမကျမီ လာမည့်နှစ်လတာကာလအတွင်း အမြန်ဆုံးအကောင်အထည်ဖော်ပေးရန်ဖြစ်သော ဦးစားပေးလုပ်ငန်းသည် ဒုက္ခသည်မိသားစုများ အမိုးအကာအောက် ရောက်ရှိရေးပင်ဖြစ်ပါကြောင်း၊ သိန်းဂဏန်းကျန်ရှိသည့် ဒုက္ခသည်မိသားစုများကို အမြန်ဆုံး အမိုးအကာအောက် ရောက်ရှိအောင် လုပ်နိုင်သောနည်းလမ်းဖြစ်သည့် အခန်းတွဲ လူနေအိမ်တန်းများ အမြန်တည်ဆောက်၍ အချိန်မီ ပြောင်းရွှေ့ရေးလုပ်ဆောင်သွားကြရန် အထူးအရေးကြီးပါကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်များအပါအဝင် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအားလုံးအား နိုင်ငံသားဟုတ်/မဟုတ် ဥပဒေနှင့်အညီ စိစစ်ရာ၌ အခက်အခဲမျိုးစုံ ကြုံတွေ့ရမည်ဖြစ်သော်လည်း နှစ်ဖက်ရပ်မိရပ်ဖများ၊ UN နှင့် နိုင်ငံတကာအဖွဲ့အစည်းများအား အသိသက်သေထား၍ ပြီးပြတ်အောင် စိစစ်ကောက်ယူသွားမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းထားသည့် လုပ်ငန်းတော်မတီများအလိုက် ရခိုင်ပြည်နယ်သို့ လိုအပ်သလို တွင်းဆင်းစစ်ဆေးဆောင်ရွက်နိုင်အောင် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးသည် လူမျိုးစု၊ လူမှုရေး၊ ဘာသာရေး၊ ဒေသ၏ သမိုင်းကြောင်း ကိစ္စများ ပါဝင်နေသည့်အတွက် သိမ်မွေ့နက်နဲသည့် ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေတိုရေရှည်စီမံချက်များနှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ရေတိုရေရှည်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဗဟိုတော်မတီ၊ လုပ်ငန်းကော်မတီများတမှ စီမံခန့်ခွဲ ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်အကွင်း သင့်တော်သည့် နေရာများ၌ အလှည့်ကျ အခြေပြုပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြမှသာ ထိရောက်မည်ဖြစ်သည့်အတွက် စီမံခန့်ခွဲကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။ ထိုသို့ အလှည့်ကျ အခြေချစီမံကွပ်ကဲရေးကော်မတီတို့မှ အနီးကပ်ကြီးကြပ်ပြီး လိုအပ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းလုပ်ငန်း၊ သောက်သုံးရေ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် အခြားလူမှုရေး လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် ပါရှိသည့် ဆောင်ရွက်ရန်လိုအပ်သည့် အချက်အလက်များ၊ လုပ်ငန်းတော်မတီများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ရေတိုရေရှည် စီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ဘတ်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ကာ လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေကြသော်လည်း စာရင်းဇယားနှင့် မြေပြင်ပကတိအခြေအနေ တွဲလွဲမှုများရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အားနည်းလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် လုပ်ငန်းများကို အချိန်တိုအတွင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပြီး တွင်းဆင်းဆောင်ရွက်ရန်နှင့် ပြည်နယ်အစိုးရအား ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် အထူးအရေးကြီးပါကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော ဗဟိုကော်မတီအတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများကို ပြောရေးဆိုခွင့်နှင့်လုပ်ပိုင်ခွင့်များ ပေးအပ်ထားရန်လိုအပ်ပါကြောင်း၊ သို့မှသာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အချိန်တိုအတွင်း အောင်မြင်စွာ အကောင်ထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော်　မေ　၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး ဒေါက်တာ ဗီလာ ဆွန်ဒါရာရာဂျမ် ရှေ့ရှာဒရီ၏နေရာတွင် မစ္စတာ ဂေါတမ် မူခိုပါဒါယအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီဖြစ်သည်။

မစ္စတာ ဂေါတမ် မူခိုပါဒါယကို ၁၉၅၆ ခုနှစ် မေ ၂၄ ရက်တွင် မွေးဖွားခဲ့သည်။ သမိုင်းဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ လူမှုဗေဒဘာသာရပ်ဖြင့် မဟာဘွဲ့ကိုလည်းကောင်းရရှိသည်။ မစ္စတာဂေါတမ် မူခိုပါဒါယသည် ၁၉၈၀ ခုနှစ်တွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး မက္ကဆီကိုမြို့၊ ဟာဗာနာမြို့၊ နယူးယောက်မြို့၊ ဒမတ်စကပ်မြို့တို့ရှိ အိန္ဒိယသံရုံး/အဖွဲ့ရုံးတို့တွင်လည်းကောင်း၊ ပြည်ပရေးရာဝန်ကြီးဌာနတွင် လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိအချိန်တွင် ၎င်းသည် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သသင်းစဉ်)

သရက်မြို့၌ ရေနံယက်ယက်တွင်းတိမ်လူးဖော်ရာမှ မီးလောင်မှုဖြစ်ပွား

သရက်　မေ　၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအနီးရှိ ရွှေရောင်နဂါးကုမ္ပဏီ၏ ရေနံလက်ယက်တွင်းတိမ်စမ်းထပ်တူးဖော်ရန်လျှောက်ထားသည့် လုပ်ကွက်အတွင်း မေ ၂၈ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။(အောက်ပုံ)

ဖြစ်စဉ်မှာ အဆိုပါလုပ်ကွက် တွင်းအမှတ်(C-12)ရေနံကွင်း၌ ဓာတ်ငွေ့နှင့် ရေနံများ လျှံထွက်လာစဉ် ကျင်းလုပ်သား စိုးလွင်(၄၄)နှစ်သည် တွင်းအားပိတ်ဆို့ရာ ရေနံနှင့် ဓာတ်ငွေ့ တွန်းကန်ပွက်တိုက်အားကြောင့် တွင်းအနီးရှိ ယာယီမိုးကာဆီလှောင်ကန်များနှင့် တွင်းအမှတ် (C-13)ရှိ ယာယီမိုးကာဆီလှောင်ကန်များသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ရေနံစိမ်းပီပါ ၆၀ (ကာလတန်ဖိုး ငွေကျပ် ၄၈ သိန်းဖိုးခန့်) မီးလောင်ဆုံးရှုံးခဲ့ရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ သရက်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးမြင့်နိုင်ထွန်းနှင့် သန္နေတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် ဆီမီးသတ်ဆေးရည်ကိုအသုံးပြု၍ ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားစေရန် ပေါ့ဆစွာ ဆောင်ရွက်သူအား သရက်ရဲစခန်းက (ပ)၃၈/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၂၈၅)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကိုကိုအောင်- သရက်)

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ နယ်လှည့်၍ ဆောင်ရွက်ပေးမည်

နေပြည်တော်　မေ　၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတ ၂၀၁၃ ခုနှစ် မေလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးထားသည်-

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ်
၁	ရန်ကုန်တိုင်းဒေသကြီး	လှည်းကူး၊ တွံတေး
၂	မန္တလေးတိုင်းဒေသကြီး	မိုးကုတ်၊ ဝမ်းတွင်း၊ နွားထိုးကြီး၊ မြစ်သား
၃	ရှမ်းပြည်နယ်	ရပ်စောက်၊ ဖယ်ခုံ၊ ကွန်ဟိန်း၊သိန္နီ၊ နမ္မတူ၊ မိုင်းတုံ၊ မိုင်းဆတ်
၄	ကချင်ပြည်နယ်	ဝိုင်းမော်၊ ဖားကန့်
၅	ချင်းပြည်နယ်	ဖလမ်း၊ တီးတိန်
၆	စစ်ကိုင်းတိုင်းဒေသကြီး	ကနီ၊ အင်းတော်၊ ကသာ၊ ဗနီးမောက်၊ ထီးချိုင့်၊ ဝက်လက်
၇	တနင်္သာရီတိုင်းဒေသကြီး	ကျွန်းစု
၈	ပဲခူးတိုင်းဒေသကြီး	ဒိုက်ဦး၊ မင်းလှ၊ ကျောက်ကြီး
၉	မကွေးတိုင်းဒေသကြီး	တောင်တွင်းကြီး၊ မြို့သစ်၊ မြိုင်၊ ပေါက်၊ ဆော၊ ကန်ပက်လက်၊ပွင့်ဖြူ၊ အောင်လံ
၁၀	ရခိုင်ပြည်နယ်	သံတွဲ၊ တောင်ကုတ်
၁၁	ဧရာဝတီတိုင်းဒေသကြီး	မြောင်းမြ၊ ညောင်တုန်း၊ မြန်အောင်၊ ကြံခင်း

(သထဝ်းစဉ်)

တန်ဖိုးရှိလှလှူငယ်ဘဝ မူးယစ်ကစ်းစင်ကျန်းမာမှ

ပြည်တွင်းရေးရာ

ဖတ်စရာ

ပအုပ်ခိုင်

ခြင်ဆေးခွေအန္တရာယ် ကြောက်မက်ဖွယ်

သက်ြန်အကြိုနေ့ ကြေးမုံသတင်းစာ နောက်ကြောတွင် မန္တလေး၌ ခြင်းဆေးခွေမှ လောင်သည့်မီး အိမ်အလုံး ၁၂၀ ဆုံးရှုံးဟူသော အနီရောင်သတင်း ခေါင်းစီးအောက် ရဲရဲတောက်မီးလောင်နေပုံကို ဆေးရောင်စုံဓာတ်ပုံဖြင့် ထင်ထင်ရှားရှားဖော်ပြထားသည့်ကို တွေ့လိုက်ရ၏။ အလားတူပင် နေ့စဉ်သတင်းစာများ၌ ခြင်ဆေးခွေများ ထွန်းညှိရာမှ မီးစတင်လောင်ကျွမ်းသော သတင်းများကို မကြာခဏဆိုသလိုပင် တွေ့ရှိရ၏။

ခြင်ဆေးခွေတစ်ခု၏ အန္တရာယ်သည် ထိုမျှတင်ပဲလား၊ မကပါ။ ခြင်ဆေးခွေတစ်ခွေ၏ အဆိပ်ဓာတ်သည် စီးကရက်အလိပ်ပေါင်း ၅၁ လိပ်ကို ဖွာရှိုက်သည်နှင့် ညီမျှသည်ဟု ပညာရှင်များက ဆိုသည်။ ခြင်ဆေးခွေတစ်ခွေမှ ထွက်ရှိလာသည့် အဆိပ်မှုန့်ပမာဏသည် စီးကရက်အလိပ်ပေါင်း ၁၃၇ လိပ်မှ ထွက်ရှိလာသော အဆိပ်မှုန့်ပမာဏနှင့် ညီမျှကြောင်း ဆေးပါးသုတေသနပညာရှင်တို့က စမ်းသပ် သုတေသနပြုတွေ့ရှိထား၏။ ခြင်ဆေးခွေကို ဓာတုပိုးသတ်ဆေးများထဲ၌ ပြင်းထန်ဆုံးဟု သတ်မှတ်ထားသော S_2 ပိုးသတ်ဆေး၊ လွှစာမှုန့်၊ ပိုက်တာကော၊ ဆိုးဆေးနှင့် ဓာတုအမွှေးအကြိုင်တို့ဖြင့် ပြုလုပ်ထားသည်။ ၎င်းအပြင် အပြင်းထန်ဆုံး အဆိပ်တစ်မျိုးဖြစ်သည့် Benzene (ဘန်ဇိုင်း) ကာစီနိုဂျင်တစ်မျိုး ပါပင်ပြီး အာရုံကြောမှစ၍ ရှူတွင်းချဉ်ဆီအထိ အဆိပ်ဖြစ်စေသည်။

ခြင်ဆေးခွေမှ ထွက်ရှိလာသော အဆိပ်မှုန့်များကြောင့် အသက်ရှူကျပ်သောရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အဆုပ်ပွ၊ အဆုတ်ရောင်ရောဂါ၊ ခေါင်းကိုက်ခေါင်းမူးရောဂါ၊ အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ မျက်စိယားယံသော ရောဂါနှင့် အရေပြားယားယံ ပျက်စီးသော ရောဂါကို ဖြစ်ပွားစေသည်။

ခြင်ဆေးခွေနှင့် ပတ်သက်၍ ကိုယ်တွေ့ကို ပြောရမည်ဆိုလျှင် စာရေးသူ၏သားလေး ကိုးလသား အရွယ်က ခြင်ကိုက်မည်စိုးသဖြင့် သူ၏ပုခက်အောက်တွင် ခြင်ဆေးခွေကို အမြဲတစေထွန်းညှိထားလေ့ရှိသည်။ ထိုခြင်ဆေးခွေထွန်းညှိမြီး ငါးရက်ခန့်အကြာတွင် ကလေးမှာ ချောင်းတွေဆိုး၍ ရင်တွေပါကျပ်လာပါသည်။ နောက်တစ်နေ့တွင် အဖျားပါဝင်ရောက်၍ သက်ဆိုင်ရာကလေးအထူးကုဆရာဝန်နှင့် ပြသသောအခါ ကလေးမှာ အပြင်းစားအဆုတ်ရောင်ရောဂါ(နမိုးနီးယား) ဖြစ်နေ၍ အရေးပေါ် ဆေးရုံတင်လိုက်ရပါသည်။ ဆေးရုံတာဝန်ကျ ဆရာဝန်ဆရာမများက နာရီဝက်ဆေးရုံတင်ရန် နောက်ကျပါက အသက်အန္တရာယ် စိုးရိမ်ရကြောင်း ပြောကြား၏။ စာရေးသူတို့မိသားစုက မြင်ဆေးခွေကြောင့်ဟု မရိပ်မိသေး၊ ခြင်ဆေးခွေကို ထွန်းမြဲဆက်ထွန်းပါသည်။ နောက်တစ်ကြိမ် ကလေးချောင်းဆိုးရင်ကျပ်အဖျားတက်၍ ဆရာပန်သွားပြသောအခါ တီဘီရောဂါကြောင့်ဟုဆို၍ ကလေးကို တီဘီဆေး ခြောက်လ တိုက်ကျွေးခဲ့ရပါသည်။ မှတ်မှတ်ရရဆိုလျှင် ကလေး၏ တီဘီရောဂါမှာ မကြာခဏ ပြန်ပေါ်လာ၍ အနောက်တိုင်းကုထုံးဖြင့် တစ်ကြိမ်၊ တိုင်းရင်းဆေးကုထုံးဖြင့် တစ်ကြိမ် နှစ်ကြိမ် ကုသခဲ့ရပါသည်။

နောက်ထပ်အတွေ့အကြုံတစ်ခုက နှလုံးရောဂါအခံရှိသော ကလေးတစ်ယောက်ကို သူမိဘများက သွေးလွန်တုပ်ကွေးဖြစ်မှာစိုး၍ ကလေးအနီးတွင် ခြင်ဆေးခွေ ထွန်းလေ့ရှိသည်။ ထိုကလေးမှာ အသက်ရှူကျပ်၍ မကြာခဏဆိုသလို ဆေးရုံတက်ရသည်ကို စာရေးသူတွေ့ခဲ့ဖူး၏။

ထို့ပြင် ညအိပ်စဉ် တိုက်ခန်းတံခါးများကို အလုံပိတ်ပြီး ခြင်ဆေးခွေထွန်းညှိ၍ အိပ်စက်ခဲ့သော မိသားစုတစ်ခုလုံး နံနက်မိုးလင်းသောအခါ သေဆုံးနေသော ဖြစ်ရပ်မျိုးကိုလည်း တွေ့ကြုံခဲ့ရဖူးပါသည်။ သာမန်အားဖြင့်ဆိုလျှင် ခြင်ဆေးခွေထွန်းညှိခြင်းသည် မြင်မြေးအောင်ထွန်းညှိခြင်းမြစ်ပါသည်။ သို့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ခြင်များက မြင်ဆေးခွေအနံ့ကို ယဉ်ပါး၍ မမြေးတော့သဖြင့် ခြင်ဆေးခွေထုံဆိပ်အမျိုးမျိုး၊ အနံ့အမျိုးမျိုးကို ပြောင်းလဲအသုံးပြုနေကြရကြောင်းလည်း ကြားသိနေရပါသည်။အချို့မှာ မြင်မြေးရုံနှင့် အားမရဘဲ ခြင်သေသော ခြင်ဆေးခွေက ပို၍အစွမ်းထက်သည်ဟုထင်မြင်ယူဆကာ တရုတ်မတင်သွင်းသော ကျင်းထုံအမည်ရှိခြင်ဆေးခွေကို ထွန်းညှိနေကြသည်ကို ကြားသိရ၏။ ထိုကျင်းထုံခြင်ဆေးခွေမှာ မိမိတို့မျက်စိရှေ့မှောက်၌ပင် ခြင်များတဖြုတ်ဖြုတ်ကျသေ၍ အစွမ်းထက်သဖြင့် အသုံးပြုနေကြသည်ဟု သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်များအရ အဆိုပါ ကျင်းထုံခြင်ဆေးခွေတွင် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သော မီပါဖလုသရင် (Meperfluthrin) ပိုးသတ်ဆေးမှာ ဝါဝင်ရသည့် ပမာဏထက်ကျော်လွန်၍ ပါဝင်နေသည့်ဟုဆိုသည်။

မီပါဖလုသရင် အမျိုးအစားပိုးသတ်ဆေးသည် ကျင်းထုံမြင်းဆေးခွေသာမက ခြင်ဆေးခွေတိုင်းတွင် အနည်းနှင့်အများဆိုသလို ဝါပင်နေလေ့ရှိပါသည်။

ထိုမီပါဖထုသရင် ပိုးသတ်ဆေးမှာ အဆုတ်ကင်ဆာ၊ လည်ချောင်းတင်ဆာနှင့် အသက်ရှူလမ်းကြောင်းရောဂါများကို ဖြစ်စေတတ်သဖြင့် ဓာတုခြင်ဆေးခွေများအစား နနွင်းတက်၊ နနွင်းမှုန့်စသော ခြင်မြေးစေသည့် အစားထိုးသဘာဝဆေးဝါးများကိုဖြစ်စေ၊ စပါးလင်ဆီဖြင့် ပြုလုပ်ထားသော ခြင်မကိုက်သည့်သဘာဝလိမ်းဆေးခရင်မ်များကိုဖြစ်စေ အစားထိုးအသုံးပြုသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

နံနက်စောစီး ရွှေဂုံတိုင်စီး

တော်မြင့်ဝင်း

ရန်ကုန် မေ ၂၉

မေ ၂၉ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တ ဖြစ်သည်။ "နောက်ဘက်ခြံထဲထ မီးခိုးတွေ၊ မီးခိုးတွေ မီးလောင်နေတယ်" ဟု ဝန်ထမ်းအိမ်ရာမှ နေထိုင်သူတစ်ဦး၏ အော်သံကြောင့် နောက်ဘက်ခြံဘက်သို့ လှည့်ကြည့်မိရာ မီးခိုးငွေ့များ တလိမ့်လိမ့်တက်လာကြောင်း တွေ့ရသဖြင့် ဆိုင်ရာမီးသတ်တပ်ဖွဲ့များသို့ ဖုန်းဆက်၊ စက်ရုံဝင်းနေ ဝန်ထမ်းအိမ်ရာမှ နေထိုင်သူများစုစည်း၍ အရန်သင့် ဝိုင်းဝန်းကူညီပေးရေး သတိအနေအထားဖြင့် စောင့်ကြည့်နေကြရသည်။

မီးလောင်သည့်နေရာက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးအနောက်ရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်းသွယ် ခြံအမှတ် (၅၄) ဦးမျိုးဝင်း၏ ဆေးရုံသုံးပစ္စည်းသိုလှောင်သည့် နှစ်ထပ်အဆောက်အအုံဖြစ်သည်။ မီးသတ်ကားဝင်ထွက်ရန် ကားတစ်စီးစာဝင်နိုင်သည် ခြံဝပ်လမ်းတစ်ခုသာရှိသည်။ ကားလမ်းမကြီးမှ ခြံပင်လမ်းအတွင်း ကိုက် ၂၀၀ ကျော်ခန့် ပင်ရသည်။

မီးလောင်သည့်နေရာမှာ အတွင်းပိုင်းကျသဖြင့် မီးသတ်ကားဝင်ထွက်ရန် အခက်အခဲများစွာရှိခဲ့သည်။ မီးသတ်ကားများ ရွှေဂုံတိုင်လမ်း မီးမှိုင့်အနီး ရွှေဂုံတိုင် ကမ္ဘာ့ဇာတဏ်ဘေးမှဝင်၍ ဘေးခြံမှ ဝင်ရောက်ပက်ကြသည်။ ဗဟန်းကိုယ့်မင်းချင်းလမ်းဘက်မှလာသော မီးသတ်ကားများကား တော်တော်နှင့်ရောက်မလာကြ၊ မီးသတ်ကားဝင်နိုင်သည့် ကိုယ့်မင်းကိုယ့်ချင်းလမ်းမကြီးအား ရွှေဂုံတိုင်ခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်မှ နေရာယူထားသဖြင့် ကားတစ်စီးစာသာ လွတ်လွတ်ကင်းကင်းသွား၍ရသော အခြေအနေတွင် မီးသတ်ကားများဝင်ရန် အခက်တွေ့နေ၍ ကားဝင်လမ်းကြောင်းရှာရသည်။ နောက်ဆုံးမရသည့်အဆုံး မီးသတ်ကားများအား ကိုယ့်မင်းကိုယ့်ချင်းလမ်းမကြီးပေါ် မှာရပ်၍ လမ်းသွယ်တွင်းသို့ ရေပိုက်များချကာ လမ်းသွယ်တွင်းတိုးဝင်သွားသော မီးသတ်ကားတစ်စီးဖြင့် ချိတ်ဆက်၍ မီးလောင်သည့်ခြံဝမိတ်၍ မီးငြိမ်းသတ်ခဲ့ကြသည်။(ဝဲပုံ)

မီးမှာ နံနက် ၇ နာရီ ၁၁ မိနစ်တွင် မီးညွန့်ကျိုးပြီး နှစ်ထပ်အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးမှုဖြစ်ခဲ့ရသည်။

မီးစတင်လောင်ကျွမ်းရခြင်းမှာ အမွှေးတိုင်မီးဝှဖော်ထားရာမှ စတင်ဖြစ်ပေါ်ခဲ့ပြီး မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၄၁ စီး၊ အုပ်ချုပ်မှုယာဉ် ခုနစ်စီးထိုဖြင့် လာရောက်ငြိမ်းသတ်ခဲ့ကြသည်။

နှစ်ထပ်အဆောက်အအုံတွင် မီးလောင်လွယ်သည် ဆေးရုံသုံးပစ္စည်းများသိုလှောင်ထားသည်ကိုတွေ့ရပြီး လူနာသုံးအောက်ဆီဂျင်အိုးများ သိုလှောင်ထားသည်များကိုလည်း တွေ့ခဲ့ရသည်။ ယင်းဓာတ်ငွေ့အိုးများကို မီးသတ်ရဲဘော်များ၊ ကြက်ခြေနီတပ်ဖွဲ့များက မီးလွတ်ရာသို့ အမြန်ရွှေ့ပြောင်းပေးကြသည်။

ယင်းသို့ ကားအဝင်အထွက်ခက်ခဲသည့် နေရာမျိုးတွင် ပေါ့ဆမီးကြောင့် မီးလောင်မှုမဖြစ်ပေါ်စေရေး ဝရုပြုသင့်ကြောင်း၊ မီးလောင်လွယ်စေသော ပစ္စည်းများသိုလှောင်ထားမြင်းမှာ အင်မတန်အန္တရာယ်များလှကြောင်း၊ ကားအပင်/အထွက်ထမ်းများ စနစ်တကျရှိသင့်ကြောင်း၊ တံတားစီမံကိန်းဖြုလုပ်နေစဉ် ကိုယ့်မင်းကိုယ့်ချင်းလမ်းတွင် လမ်းပိတ်ဆို့မှု မဖြစ်စေရေး တာဝန်ကျယာဉ်ထိန်းအဖွဲ့ အမြဲတမ်းတာဝန်ချထားပေးသင့်ကြောင်း မီးလောင်မှုကို လာကြည့်သူတချို့က မှတ်ချက်ပြု ပြောကြားကြကြောင်း သိရသည်။

ဟောလိဝုဒ်အကျော်အမော် သရုပ်ဆောင် အမ်မာစတုန်း၏ အလှအပဆိုင်ရာ လျှို့ဝှက်ချက်များ

ဟောလိဝုဒ်ရုပ်ရှင်လောက၏ အကျော်အမော် သရုပ်ဆောင်တစ်ဦးဖြစ်သည့် သရုပ်ဆောင် အမ်မာစတုန်းက ၎င်း၏ အလှအပဆိုင်ရာ လျှို့ဝှက်ချက်များနှင့် ပတ်သက်ပြီး သူမ၏ အသားအရေသည် Sensitive skin အမျိုးအစား ဖြစ်သည်အတွက် အရေပြားခေတ်မတည့်မှုများ မကြာခဏဖြစ်တတ်သဖြင့် သဘာဝပစ္စည်းများကိုသာ အသုံးပြုပြီး အသားအရေကို ဂရုတစိုက်ထိန်းသိမ်းရကြောင်း သိရသည်။

ဆက်လက်ပြီး Revlon အမှတ်တံဆိပ် အလှအပပစ္စည်းများနှင့် သဘာဝအတိုင်း ထုတ်လုပ်ထားသည့် အလှပြင် ပစ္စည်းများကိုသာ အမြဲတစေ အသုံးပြုလေ့ရှိပြီး သူမ၏ မျက်လုံးအလှပေါ် လွင်စေရန် မျက်လုံးလိုင်နာဆွဲခြင်းကိုလည်း အထူးနှစ်သက်ပါကြောင်း ဆိုသည်။

"ကျွန်မရဲ့အသားအရေဟာ ဘယ်လိုမိတ်ကပ်အမျိုးအစားနဲ့မဆို အရေပြားခေတ်မတည့်မှုဖြစ်တတ်ပါတယ်။ ဒါကြောင့် မတည့်တဲ့လက္ခဏာတွေ မပေါ်လာဖို့အတွက် Extra Virgin Olive Oil ကို အရေပြားအတွက် အသုံးပြုပါတယ်။ နောက်ပြီး ညရောက်လို့ မိတ်ကပ်ချွတ်တဲ့နေရာမှာလည်း အုန်းသီးမှရရှိတဲ့အဆီကို အသုံးပြုပါတယ်။ ပြီးတော့ ကျွန်မသွားလေရာမှာ Revlon မျက်တောင်ခြယ်ဆေးနဲ့ အမည်းစက်တွေကို ဖုံးဝေးနိုင်တဲ့ မိတ်ကပ်ရည်တစ်မျိုးကို မျက်နှာမှာ အမည်းစက်တွေ ပေါ်လာတဲ့အခါ ဖုံးအုပ်ဖို့အတွက် အမြဲဆောင်ထားလေ့ရှိပါတယ်"ဟု သရုပ်ဆောင် အမ်မာစတုန်းက ပြောကြားခဲ့သည်။

ဟောလိဝုဒ်ရုပ်ရှင်လောက အခမ်းအနားများ၏ ကော်ဇောနီပေါ်တွင် အပြစ်တင်းစင်သောအလှဖြင့် လှပနေအောင် အမ်မာစတုန်းအား နောက်ကွယ်မှအလှအပဖန်တီးရှင် သုံးဦးရှိပါကြောင်း၊ မိတ်ကပ်ပညာရှင် Rachel၊ ဆံပင်ဒီဇိုင်နာ Mara Rozak နှင့် အဝတ်အစားဒီဇိုင်နာတို့ထားရှိကြောင်း၊ တစ်ခါတစ်ရံတွင် အဝတ်အစားဒီဇိုင်းပညာရှင်များက သူမဝတ်ရမည့်အဝတ်အစားများကို မချုပ်မီ ရုပ်ပုံရေးဆွဲပေးပို့လေ့ရှိပါကြောင်းနှင့် ၎င်းတို့နှင့်အလုပ်လုပ် ရသည်မှာ အလွန်ပင် ပျော်ရွှင်မိကြောင်း သူမကဝန်ခံပြောဆိုခဲ့သည်။

ဖက်ရှင်လောက၏ အရေးပါသူတစ်ဦးအဖြစ် ဗစ်တိုးရီးယားဘက်ခမ်း ချီးကျူးခံရ

မကြာမီကမှ ကမ္ဘာ့အလှအပဆုံး အမျိုးသမီးအဖြစ် ဂုဏ်ပြုခံခဲ့ရသူ အသက်(၄၀)အရွယ်ရှိ သရုပ်ဆောင် Gwyneth Paltrow က ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်း၏ အဝတ်အစား ဒီဇိုင်းများသည် သူမအား အမြဲတမ်း ဆွဲဆောင်မှုရှိနေစေသည်ဟု ခံစားမိပါကြောင်းနှင့် ဗစ်တိုးရီးယားသည် ဖက်ရှင်လောက၏ အရေးပါသော ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မကြာခင်ကမှ စတင်ပြသလျက်ရှိသည့် Iron Man 3 ဇာတ်ကားမှ သရုပ်ဆောင်တစ်ဦးဖြစ်သူ Paltrow က ဗစ်တိုးရီးယားသည် မိန်းမသားများနှင့် အလွန်လိုက်ဖက်တင့်တယ်သော ဖက်ရှင်ဒီဇိုင်းများကို တီထွင်ဖန်တီးခဲ့သည့် ဒီဇိုင်နာကောင်းတစ်ဦးဖြစ်ကြောင်း၊ အမြဲလိုလို ဆန်းသစ်တီထွင်လိုစိတ်ရှိနေသည့် သူမကဲ့သို့သော အမျိုးသမီးများကို လေးစားမိပါကြောင်း၊ မည်သည့်အမျိုးသမီးမဆို ဗစ်တိုးရီးယား၏ ဖက်ရှင်ဒီဇိုင်းများကို ဝတ်ဆင်လိုက်ပါက သေသပ်လှပပြီး ဆွဲဆောင်မှုရှိသည်ဟု ခံစားမိရသည့်အတွက် ဗစ်တိုးရီးယားသည် ဖက်ရှင်လောကအတွက် အရေးပါသော

ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်း

ဒီဇိုင်နာတစ်ဦးဟု တင်စားရခြင်း ဖြစ်ပါကြောင်း ဗြိတိန်နိုင်ငံ၏ လစဉ်ထုတ် Marie Claire အမျိုးသမီးမဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

ဆက်လက်ပြီး အမေရိကန်သရုပ်ဆောင် Eva Longoria က "ကျွန်မ ဗစ်တိုးရီးယားဘက်ခမ်းရဲ့ ဒီဇိုင်းလက်ရာ အဝတ်အစားတွေကို ဝတ်ဆင်တဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် ထူးခြားစွာလှပနေတယ်လို့ ထင်မိပါတယ်။ ဗစ်တိုးရီးယားရဲ့ ပင်ကိုစွမ်းရည်ကတော့ အခုအချိန်မှာ အတုမရှိ ပြိုင်ဘက်ကင်းနေပါတယ်"ဟု ချီးမွမ်းပြောကြားခဲ့သည်။

ထို့ပြင် ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းက သူမ၏ အနာဂတ်အစီအစဉ်နှင့်ပတ်သက်ပြီး ခင်ပွန်းဖြစ်သူ ဒေးဗစ်ဘက်ခမ်းနှင့်အတူ သမီးဖြစ်သူရှိရာ ပါရီမြို့သို့ ခရီးထွက်မည်ဖြစ်ကြောင်းနှင့် အမျိုးသမီးများ၏ ခေါင်းအစ ခြေအဆုံး အလှအပပစ္စည်းများကို သူမ၏ ကိုယ်ပိုင်ကုန်ပစ္စည်းအမှတ် တံဆိပ်များဖြင့်ထုတ်လုပ်သွားနိုင်ရန် မျှော်လင့်ထားကြောင်း အင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ဖြိုးစန္ဒာမြင့်　စုစည်းရေးသားသည်

တရုတ်နိုင်ငံ၏ အထင်ရှားဆုံးပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် တရုတ်မင်းသမီး ဖန်ဘင်းဘင်း ထိပ်ဆုံးမှရပ်တည်

အမေရိကန် Forbes မဂ္ဂဇင်းမှ တရုတ်၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့မှ တစ်နှစ်အတွင်း အထင်ရှားဆုံးသော အနုပညာရှင်များ၊ အားကစားသမား အယောက် ၁၀၀ ၏ ဝင်ငွေများ နှင့် ထူးခြားသည့်စွမ်းဆောင်ရည်များကို နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုလျက်ရှိရာ ယခုနှစ်တွင် အခြားသောအနုပညာရှင်များကို ကျော်လွန်ကာ တရုတ်မင်းသမီး ဖန်ဘင်းဘင်းတ နံပါတ်တစ်နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယမန်နှစ်က သရုပ်ဆောင် Donnie Yen က ဝင်ငွေ RMB ၁၀၅ သန်းရရှိကာ Forbes မဂ္ဂဇင်းမှဖော်ပြသည့် တရုတ်နိုင်ငံ၏ အထင်ရှားဆုံးသော ပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် ထိပ်ဆုံးမှရပ်တည်ခဲ့ပြီး ယခုနှစ်တွင်မူ ဖန်ဘင်းဘင်းက သရုပ်ဆောင် Donnie Yen ထက် လျော့နည်းသော ဝင်ငွေ ပမာဏဖြင့် ထိပ်ဆုံးမှရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် ဖန်ဘင်းဘင်းသည် Double Xopsure အမည်ရှိ စိတ္တဇသည်းထိတ်ရင်ဖိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ပြည်တွင်းရုံဝင်ငွေ RMB သန်း ၁၁၀ ဖြင့် အမြင့်ဆုံးဝင်ငွေရရှိခဲ့ပြီး ယင်းကဲ့သို့ ဂုဏ်ပြု ခြင်းခံရခြင်းဖြစ်သည်။

ထို့ပြင် ၂၀၁၂ ခုနှစ်အတွင်း ထိုင်ဝမ်ဂီတပညာရှင် Jay Chou က ၎င်း၏ Opus 12 အယ်လ်ဘမ်နှင့် The Rooftop ပြဇာတ်မှ ဝင်ငွေ RMB ၁၀၄ ဒသမ ၂ သန်းဖြင့် ဒုတိယနေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိကြောင်း သိရသည်။

ကျေးဇူးတင်လွှာ
Toe Toe Yadanar
တိုးတိုးရတနာ ဗုဒ္ဓဂယာနှင့်အပြည်ပြည်ဆိုင်ရာ ခရီးသွားကုမ္ပဏီဖြင့်
လိုက်ပါခဲ့ကြသူများအားလုံး နှစ်သစ်တွင် ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း
ဆုမွန်ကောင်းတောင်းရင်း အထူးပင် ကျေးဇူးတင်ရှိပါသည်၊
● ကောင်းသထက်ကောင်းအောင် ကြိုးစားရင်း တဖန်ပြန်လည်ဆုံတွေ့ကြပါို့ ●
Toe Toe Yadanar Travel & Tours
အမှတ်-၁၅/၁၇၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်း(BANG BANG အပေါ်ထပ်- ဓါတ်လှေကားနံပါတ်- ၅)
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၅၀၃၉၂၅၊ ၅၂၅၃၁၉၊ ၀၉၅၀၅၈၈၉၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းဆောင်ရွက်မည့် ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများတွင် Monitor System များတပ်ဆင်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများအား တင်သွင်းရန် အောက်ပါ အတိုင်း ပြင်ဆင်ကြော်ငြာအပ်ပါသည်။
တင်ဒါအမှတ် - 2(T)/YESB(Plan)/2013-2014
တင်ဒါပိတ်မည့်ရက် - ၃၀-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ(၄)နာရီ
တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါစိစစ်ရေးအဖွဲ့
ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အင်ဂျင်နီယာဌာန
အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်းအမှတ်-၀၁-၂၁၄၆၄၁၊ ၂၁၄၆၄၄

စော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ
သံမလိုက်သည့် အဆင့်မြင့် စတီး တလိတ်ဓားသွားဆူးကြီးများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချ တပ်ဆင်ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ - အမှတ်(၃၄/A)
Ph:01-545531,01-8603141, 09-5008161
နေပြည်တော်အရောင်းခန်းမ - အမှတ်(၅၀၁)
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ - အမှတ်(၁၅၄/B)
Ph:02-73191, 09-5140655, 09-402571300

မိနိုဝင်းနှင့်ရောင်းရင်းများ
ကျိုက်ထီးရိုး - ချောင်းသာ(နေ့စဉ်) ▲ ရွှေဒုံ(တနင်္ဂနွေ)
▲ ပုဂံ(ရွှေစည်းခုံ)၊ ပုပ္ပါး၊ ပနော့ ခရီးစဉ်
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ဘုရားစုံဖူး ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ ခရီးစဉ်
▲ မော်လမြိုင်၊ ကျိုက်မီ၊ စက်စဲ၊ ခရီးစဉ်
▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် ခရီးစဉ်
249871, 255553, 389611, 09-5137245

HGM 2013 (ရန်ကုန်) ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၉

HAN Golf Masters Pte.,Ltd. က စီစဉ်ကျင်းပမည့် HGM Classic Golf Tournament 2013 (ရန်ကုန်) ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၅ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို တစ်ဦးချင်းအကျော့မဲ့ပြိုင်ပွဲ၊ တစ်ဦးချင်းအချက်အကျောပေးပြိုင်ပွဲ၊ Division (A) (H' Cap 0-14) Division (B) (H' Cap 15-24) ဟူ၍ ခွဲခြားထားပြီး အချက်အကျောပေးပြိုင်ပွဲကို (System 36) စနစ်ဖြင့် တွက်ချက်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းအကျော့မဲ့ အဆင့် (၁) မှ (၃)၊ Division (A) (H' Cap 0-14) အဆင့် (၁)မှ (၅)၊ Division (B) (H' Cap 15-24) အဆင့် (၁)မှ (၅) အထိနှင့် အထူးဆုများ၊ လက်ဆောင်ပစ္စည်းများ၊ (Lucky Draw) များအား ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့်ကစားသမားများသည် ပြိုင်ပွဲပင်ကြေးကျပ် တစ်သိန်းငါးသောင်းတိတိနှင့်အတူ မေ ၂၃ ရက်နောက်ဆုံးထားကာ မြန်မာ့ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့်သို့ ဖုန်း- ၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄၊ ၀၉-၄၂၀၀၀၇၈၃၅၊ ၀၉-၄၉၁၀၂၀၀၉ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမ်းမရိတ်တွင် အာဆင်နယ်နှင့် မန်ယူတို့၏ပြိုင်ပွဲ သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့

ပရီမီယာလိဂ်ပွဲစဉ် (၃၅)အဖြစ် အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့ အာဆင်နယ်အသင်း၏ အမ်းမရိတ်ကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် အရှုံးအနိုင်မပေါ်ဘဲ သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဂီရောက်၊ ဒီယာဘီ၊ ဖောဘီယန်စကီ စသည့် ကစားသမားများ ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ရာပြဿနာများကြောင့် မပါဝင်နိုင်ခဲ့သော်လည်း အာတီတာ၊ ဝဲလ်ကော့၊ ရှိဆစ်စကီး၊ ကာဇိုလာ၊ ရမ်ဆေး စသည့် ကစားသမားများဖြင့်ပွဲထွက်လာခဲ့ရာ ပထမပိုင်းပွဲစပြီး ၁ မိနစ် ၄၇ စက္ကန့်မှာပင် မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ၏ အမှားမှတစ်ဆင့် အာဆင်နယ် တောင်ပံကစားသမား သီယိုဝဲလ်ကော့က အဖွင့်ဂိုးသွင်းယူပေးခဲ့သဖြင့် အာဆင်နယ်အသင်း ဦးဆောင်ဂိုး စတင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ဗန်ပါစီ၊ ရွန်းနီ၊ နာနီ စသည့် ကစားသမားများကို တိုက်စစ်ပိုင်းတွင် ဦးဆောင်ကစားစေလျက် ချေပဂိုးရရှိရေးကြိုးပမ်းလာခဲ့ရာ နှစ်သင်းစလုံးသည် အနိုင်ရရှိမည့်အခွင့်အလမ်းနှင့်အတူ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ပွဲကစားချိန် ၄၄ မိနစ်တွင် မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီပြေးဆွဲလာသော ဘောလုံးကို အာဆင်နယ်နောက်ခံလူ ဆက်င်နာက ကြမ်းတမ်းစွာဖျက်ထုတ်ရာမှ ရရှိခဲ့သော ပင်နယ်တီပြစ်ဒဏ်ဘောကို မန်ယူတိုက်စစ်မှူး ဗန်ပါစီက အပိုင်ကန်သွင်းကာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ရာမှ မန်ယူအသင်း ချေပဂိုးရရှိခဲ့ပြီး ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပွဲစချိန်တွင် နှစ်သင်းစလုံးသည် ကစားအားတင်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို အသုံးမချနိုင်ခြင်းနှင့် ကစားသမားတစ်ဦးနှင့် တစ်ဦး နားလည်မှုလွဲခဲ့ခြင်းများကြောင့် ဂိုးထပ်မံမသွင်းယူနိုင်ခဲ့ကြဘဲ ပထမပိုင်းရလဒ်ဖြင့်ပင် ပွဲပြီးဆုံးခဲ့သည်။

လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်အား ခေါ်ယူရန် ဘိုင်ယန်မြူးနစ် ဆန္ဒရှိနေ

ဂျာမန်ဘွန်ဒက်လီဂါ ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ပရီမီယာလိဂ်တွင် ချယ်လ်ဆီးနောက်ခံလူ အိုင်ဗန်နီဗစ် လက်မောင်းကို ကိုက်ခဲ့ပြီးနောက် ၁၀ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရ၍ လီဗာပူးအသင်းမှ ထွက်ခွာမည်ဆိုသည့် တိုက်စစ်မှူးဆွာရက်ဇ်ကို ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိတွင် ယခင်ဝစ်မှတ်ထားခဲ့သော လီဝန်ဒိုစကီးကို ခေါ်ယူမည့်အစီအစဉ် ဖျက်သိမ်းခဲ့ပြီး လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကို ပစ်မှတ်ထားလာခဲ့သည်။

လီဗာပူးအသင်းကမူ အသက် (၂၆) နှစ်အရွယ် ဥရုဂွေးတိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ်သည် ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာလိမ့်မည် မဟုတ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

သို့ရာတွင် တိုက်စစ်မှူး ဆွာရက်ဇ်က လီဗာပူးအသင်းမှ ထွက်ခွာသင့်ကြောင်း ကစားဖော်များကို ပြောကြားခဲ့ပြီးနောက် လာမည့်နှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဖြစ်လာမည့် နည်းပြဝက်ဂွါဒီယိုလာက ဆွာရက်ဇ်အား ခေါ်ယူလိုကြောင်း လျှို့ဝှက်ထားခြင်းမရှိဘဲ ပြောကြားခဲ့သည်။ ထို့အပြင် ဆွာရက်ဇ်အား မန်စီးတီးအသင်းကလည်း စိတ်ဝင်စားလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

နိုင်လင်းကြည်

ရော်ဘင်ဗန်ပါစီနှင့် လူးဝစ်ဆွာရက်ဇ် တစ်နှစ်တာအသင်းလိုက်အကောင်းဆုံးဖြစ်သော ကျေနပ်ခဲ့ရ

ပရိသတ်ဝိတ်ဝင်စားမှုအရှိဆုံးဖြစ်သည့် တစ်နှစ်တာအကောင်းဆုံးဆုအတွက် စပါးတောင်ပံကစားသမား ဂါရတ်ဘေးလ်၊ မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီနှင့် လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်တို့ ရေပန်းစားနေခဲ့သော်လည်း ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ချုပ် (ပီအက်ဖ်အေ)သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် စပါးတောင်ပံကစားသမား ဂါရတ်ဘေးလ်ကိုသာ ရွေးချယ်ခဲ့သဖြင့် ရော်ဘင်ဗန်ဝါစီနှင့် လူးဝစ်ဆွာရက်ဇ်တို့မှာ ပရီမီယာလိဂ်၏တစ်နှစ်တာ အသင်းလိုက်အကောင်းဆုံးဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပရီမီယာလိဂ်၏ တစ်နှစ်တာအသင်းလိုက်အကောင်းဆုံးကစားသမားစာရင်းတွင် မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာ၊ မန်စီးတီးကစားသမား ဇာဘာလက်တာ၊ မန်ယူနောက်ခံလူ ဖာဒီနန်၊ စပါးနောက်ခံလူ ဗာတွန်ဝန်၊ အဲဗာတန်ကွင်းလယ်လူဘေးနက်စ်၊ ချယ်လ်ဆီးကွင်းလယ်လူ ဟာဇက်၊ မန်ယူကွင်းလယ်လူ ကားရစ်၊ ချယ်လ်ဆီးကွင်းလယ်လူ မာတာ၊ စပါးတောင်ပံကစားသမား ဂါရတ်ဘေးလ်၊ မန်ယူတိုက်စစ်မှူး ဗန်ပါစီနှင့် လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်တို့ ပါဝင်ခဲ့သည်။

အကောင်းဆုံးအမျိုးသမီးကစားသမားဆုကိုမူ အာဆင်နယ်အမျိုးသမီးအသင်းမှ ကင်လစ်တဲက ရရှိခဲ့သည်။



RC ၃ထပ်တိုက်သစ်ရောင်းမည်

သာကေတမြို့နယ်၊ သုမနလမ်းမကြီးပေါ်တွင် ပေ(၄၀×၆၀)ပေါ်တွင် ဆောက်လုပ်ထားသောတိုက်သစ်၊ အိပ်ခန်းကျယ်၊ အပေါ်ဆုံးထပ် ၁ ခန်း၊ အလယ်ထပ်အိပ်ခန်းကျယ် ၃ ခန်း၊ အောက်ဆုံးထပ် ၁ ခန်း၊ တစ်အိမ်လုံး ပြင်ဆင်ထားပြီး၊ အခန်းတိုင်း အဲယားကွန်းပါ၊ မီတာ ၂လုံး၊ အဝီစိတွင်း၊ အခန်းတိုင်း ရေချိုးခန်း၊ ဗိုလ်ထိုင်တွဲလျက်။

ဂရန်အမည်ပေါက် (ညှိနှိုင်းဈေး)

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၆၂၂၈၈

ဇနီးနှင့်သမီး စီးလာသောဆိုင်ကယ်ကို ခင်ပွန်းဖြစ်သူက ကားဖြင့်တိုက်

ကော့ကရိတ် ဧပြီ ၂၉

လင်မယားရန်ဖြစ်ပြီး ယောက်ျားဖြစ်သူက မိန်းမဖြစ်သူနှင့်ကလေးအတူစီးလာသောဆိုင်ကယ်ကို ကားဖြင့်တိုက်မှုကစ်ခု ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ဧပြီ ၁၈ ရက် ည ၇ နာရီခန့်တွင် ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ ကျိုက်မရောမှ ဒုတိယရဲအုပ်ပြည်ဟိန်းထွန်း (၂၇)နှစ်သည် ဇနီးဖြစ်သူ မစန္ဒာအောင် (၂၉)နှစ် နေထိုင်ရာ ကော့ကရိတ်မြို့ အမှတ် (၃) ရပ်ကွက် ကမ်းနားတန်းလမ်းရှိ ယောက္ခမ နေအိမ်သို့ ရောက်ရှိနေစဉ် လင်မယားစကားများ ရန်ဖြစ်ပြီး သမီးဖြစ်သူ မသင်းရန့် (၃) နှစ်ကိုဝါ ခေါ်ဆောင်၍ ၉ခ/-- Mark II ယာဉ်ဖြင့် တမိုင်ကုန်း ရွာသစ်ကျေးရွာ (ကော့ကရိတ်မြို့နှင့် သုံးမိုင်ခန့်အကွာ) ဦးမျိုးအောင် နေအိမ်သို့ ခေါ်ဆောင်သွားခဲ့သည်။

နောက်ဆုံး အိမ်ပြန်မည်ဟုဆိုသောအခါ မစန္ဒာအောင်က "နင်ငါ့ကို ရိုက်နှက်ညှဉ်းပန်းကာများပြီ ဒါကြောင့် ပြန်မလိုက်နိုင်ဘူး အပြီးကွာရှင်းပြတ်စဲမည်"ဟု ဆိုသဖြင့် အိမ်ရှင်ဦးမျိုးအောင် (၄၄)နှစ်က မစန္ဒာအောင်နှင့် သမီးသင်းရန့်တို့ကို ၎င်းပိုင်ဆိုင်သော ဆိုင်ကယ်ဖြင့်နေအိမ်သို့ ပြန်ပို့ပေးရန်ထင်ဆောင်သွားခဲ့သည်။ အဆိုပါအချိန်တွင် ခင်ပွန်းဖြစ်သူ ဒုရဲအုပ်ပြည်ဟိန်းထွန်းက Mark II ကားဖြင့် ကပ်လျက်လိုက်ပါလာပြီး ကော့ကရိတ်မြို့နှင့် တစ်မိုင်ခန့်အကွာ ကော့ကရိတ်-တမိုင်ကုန်းကားလမ်း မြေဝပ်ညွှန်း (MU-214275) အရောက်တွင် အထက်ပါ Mark II ယာဉ်ဖြင့် နောက်မှ အရှိန်ပြင်းစွာ လိုက်တိုက်သဖြင့် ဆိုင်ကယ်ပေါ်ပါလူများ လမ်းဘေးသို့ လွင့်စဉ်ကျသွားသည်။ တိုက်မိသောဆိုင်ကယ်မှာ ကားအောက်တွင် ရောက်ရှိနေသော်လည်း ခရီးသွားဆိုင်ကယ်များ ရောက်ရှိလာသဖြင့် ချိတ်လျက်သားနှင့် ကားအား မောင်းနှင်ထွက်ပြေးသွားသည်။ ထိုသို့မောင်းနှင်လာရာ ကားမှာ တစ်မိုင်ခန့်အကွာ ကော့ကရိတ်မြို့ အမှတ် (၃) ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် မြို့မရဲစခန်း လမ်းဆုံအရောက်တွင် နောက်မှလိုက်လာသော ဆိုင်တယ်များ နီးကပ်လာသဖြင့် ဒုရဲအုပ်ပြည်ဟိန်းထွန်းသည် ကားပေါ်မှဆင်းပြေးပြီး ခြံဝင်းတစ်ခုအတွင်းရှိ မန်ကျည်းဝင်ပေါ်သို့ တက်ရောက်ပုန်းအောင်းနေစဉ် မြို့မ ရဲစခန်းမှူး ရဲအုပ်ကျော်စိုး၊ နယ်ထိန်း ဒုရဲအုပ် အောင်အောင်ဦးနှင့် ပြည်သူလူထုက ဖမ်းဆီးရမိခဲ့သည်။

ယာဉ်တိုက်ခံရသော ဆိုင်ကယ်မှာလည်း တွန့်လိမ်ကြေမွလျက် မြို့မရဲစခန်းအထိ တရွတ်ဆွဲ၍ပါလာခဲ့သည်။ ကားနှင့် တိုက်မိမှုကြောင့် ဦးမျိုးအောင်မှာ ဦးခေါင်းနှင့်နောက်စေ့ကွဲ ဒဏ်ရာ၊ မျက်ခုံးနှစ်ခုကြားကွဲအက် ဒဏ်ရာ၊ မစန္ဒာအောင်မှာ ဝဲလက်ညှိုး၊ လက်မကြား ပွန်းပဲ့ဒဏ်ရာ၊ ဝဲတင်ပါးနာကျင် ဒဏ်ရာတို့ရရှိခဲ့ပြီး မသင်းရန့်မှာ ယာနဖူး ပွန်းပဲ့ဒဏ်ရာဖြင့် ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် ထင်ပို့ကုသထားရသည်။

ကော့ကရိတ်မြို့ ယာဉ်စည်းကမ်းထိန်းသိမ်းမှု ဒုရဲအုပ်ဝင်းသွန့်၏ တိုင်ကြားမှုဖြင့် အမှုစစ်ဒုရဲအုပ်ဝင်းအောင်မြင့်က အမှုအမှတ် (ဝ) ၁၅/၂၀၁၃ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

မြတ်ကို (ဒေါနမြေ)

ပြည်မြို့၌ အမျိုးသမီးတစ်ဦး အသတ်ခံရမှုဖြစ်ပွား

ပြည် ဧပြီ ၂၉

ပြည်မြို့ ဆံတော်ရပ်ကွက် လမ်းမတော်လမ်း မီးရထားတိုက်ခန်း အခန်း(၂) "အောင်ပိုင်ဖြိုး" နာရီနှင့် တူရိယာပစ္စည်းအရောင်းဆိုင်၌ ဧပြီ ၂၀ ရက် ညပိုင်းက အမျိုးသမီးထစ်ဦးအသတ်ခံရသော အမှုထစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပြည်ထက္ကသိုလ်တွင် အင်္ဂလိပ်စာဘာသာရပ် အထူးပြုဖြင့် ထထိယနှစ် ထက်ရောက်လျက်ရှိသူ မောင်အောင်ပိုင်ဖြိုး (၁၉)နှစ်သည် ကျူရှင်မှ နေအိမ်သို့ပြန်လာပြီး နေအိမ်ထံခါးဖွင့်၍ ဝင်ရောက်စဉ် နေအိမ်ဆိုင်ခန်းအတွင်းရှိ ပစ္စည်းများဖရိုဖရဲဖြစ်နေသဖြင့် လှည့်လည်ကြည့်ရှုရာ ရေချိုးခန်းအတွင်း၌ ၎င်း၏မိခင် ဒေါ်နီနီအောင် (၅၇)နှစ်မှာ သေဆုံးနေကြောင်း တွေ့ရှိရသည်။

သားဖြစ်သူ မောင်အောင်ပိုင်ဖြိုးမှ ပြည်မြို့ အမှတ်(၂) ရဲစခန်းသို့ အကြောင်းကြားခဲ့ရာ ဒုရဲအုပ်ဝင်းခိုင်နှင့် ရဲထပ်ဖွဲ့ဝင်များသည် အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဒေါ်နီနီအောင်မှာ ယာဘက်ပါး ဖူးရောင်ဒဏ်ရာ၊ ဝဲဘက်မျက်လုံး သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရ၍ ရဲစခန်းက (ဝ)၂၉၀/၂၀၁၃၊ ပုဒ်မ-၃၀၂ အရ အမှုဖွင့်ထားပြီး ထရားခံအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၅၇၈)**

တာချီလိတ်-မယ်ဆိုင်ချစ်ကြည်ရေးတံတားမေါ်၌ စိတ်ကြွဆေးပြား သယ်ဆောင်သူအား ဖမ်းဆီးရမိ

တာချီလိတ် ဧပြီ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ တာချီလိတ်-မယ်ဆိုင် အမှတ်(၁) ချစ်ကြည်ရေးတံတား စစ်ဆေးရေးဂိတ်၌ ဧပြီ ၂၇ ရက် နံနက် ၉ နာရီ ၃၅ မိနစ်ခန့်တွင် တာချီလိတ်မှ မယ်ဆိုင်ဘက်သို့ စီးနင်းလာသည့်ဆိုင်ကယ်အား သက်သေများနှင့် စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ဘက်သို့ ချလောင်စီးနင်းလာသည့် ဆိုင်ကယ်အား စစ်ဆေးရာ ချလောင်ဆောင်းထားသည့် ဦးထုပ်အတွင်းမှ WY စာထန်းဝါ ပန်းရောင် စိတ်ကြွဆေးပြားဟု ယူဆရသော ဆေးပြား ၁၁ ပြား တွေ့ရှိရ၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ချလောင်အား တာချီလိတ် မူးယစ်(အထူး)အဖွဲ့ ရဲအုပ်ဇော်ဝင်းထွဋ်က တရားလိုပြုလုပ် တိုင်တန်းထားကြောင်း သိရှိရသည်။

တာချီလိတ်ရဲစခန်း မယ (ဝ) ၃၈/၂၀၁၃၊ မူးစိထ်၁၅/၁၆ (က)အရ အမှုဖွင့်၍ တာချီလိတ်ရဲစခန်းတွင်ဒုရဲအုပ် အောင်မင်းဦးက အမှုစစ်၍ ဥပဒေနှင့်အညီဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မြင့်မိုရ် (တာချီလိတ်)**

ဓာတ်ဆီထည့်စဉ် မယောင်းတိုင်မီးလဲကျရာမှ မီးလောင်

ပုတော ဧပြီ ၂၉

ဝသိမ်ခရိုင် ငပုတောမြို့ မြောက်ပိုင်းရပ်ကွက်၌ ဧပြီ ၂၅ ရက် ည ၈ နာရီခန့်က ဓာတ်ဆီထည့်ရာမှ ဖယောင်းတိုင်မီးလဲကျကူးစက်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သိရသည်။

ဧပြီ ၂၅ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်က ငပုတောမြို့ မြောက်ပိုင်းရပ်ကွက် ယင်းမာလမ်းနေ သူရအောင် (၂၀)နှစ်သည် နေအိမ်တိုက်ခန်းဈေးဆိုင်တွင် ဆိုင်ကယ်ထဲသို့ ဓာထ်ဆီထည့်ရန် ဝလထ်စထစ်ပုံးထဲမှ ဓာတ်ဆီကို ဝှလင်းထဲသို့ ပြောင်းလဲယူစဉ် အနီးရှိခုံပေါ်၌ ထင်ထွန်းထားသော ဖယောင်းတိုင်လဲကျပြီး ဓာထ်ဆီပုံးကို မီးကူးစက်ရာမှ နေအိမ်ဈေးဆိုင်အတွင်း မီးလောင်ကျွမ်းမှု ဖြစ်ပွားသဖြင့် ရပ်ကွက်ပြည်သူများနှင့် မီးသထ်ဦးစီးဌာနတို့မှ ဝိုင်းဝန်း ငြိမ်းသတ်မှုကြောင့် ည ၈ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။ မီးပေါ့ဆစွာ သုံးစွဲသူ သူရအောင်အား ငပုထောရဲစခန်းမှ (ဝ)၃၃/၂၀၁၃၊ ပုဒ်မ ၂၈၅ ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **(ပုသိမ်-လှကြည်)**

ဆိုင်ကယ်ချင်းတိုက်ရာမှ သုံးလအရွယ်ကလေး သေဆုံး

မိတ္ထီလာ ဧပြီ ၂၉

မိတ္ထီလာမြို့ ကျောက်ဝန်းတောင်းကားလမ်း မိုင်တိုင်အမှတ် (၆/၃) မြို့သစ်ဈေးအရှေ့ဘက်တွင် ဧပြီ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် အရှေ့မှအနောက်သို့ ချစ်မင်းစိုး (၁၉) နှစ် ဆည်အောင်ရွာနေသူ စီးပြီးနောက်မှ မထက်ထက်မိုးမြင့် စီးလာသော ၁၂ယ/. . . နယူးကင်ဘို (၁၂၅) အနက်ရောင်ဆိုင်ကယ်သည် ဝဲဘက်လမ်းကြားသို့ ချိုးကွေ့စဉ် ယင်းလမ်းအတိုင်း အနောက်မှအရှေ့သို့ သက်နိုင်အောင် (၂၅) နှစ် ကန်ကြီးကျေးရွာနေသူစီးလာသော ၄ယ/. . . ဆိုင်ကယ်က ဘေးတိုက်ဝင်ရောတ် တိုက်မိသည်ဆို၏။ ချစ်မင်းစိုးစီးလာသည့် ဆိုင်ကယ်နောက်မှ မထက်ထက်မိုးမြင့် ပွေ့လာသည် မောင်ရန်မျိုးအောင် သုံးလသားလေးမှာ ဘေးသို့လွင့်စဉ်ပြီး သေဆုံးသွားခဲ့သည်။ ဆိုင်ကယ်စီးသူ သက်နိုင်အောင်အား မြို့မရဲစခန်းမှ ယာဉ် (ဝ) ၁၂/၂၀၁၃၊ ပုဒ်မ-၃၀၄ (က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(တင်လှိုင်-မိတ္ထီလာ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အထက်မြန်မာပြည်သတင်း

ပခုက္ကူမြို့ ရွှေမချောင်းတံတား အမှတ် (၂) ရာနှုန်းပြည့်နီးပါး ပြီးစီး

ပခုက္ကူ ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး၏ ဧရာဝတီမြစ်အနောက်ဘက်ကမ်းအား စည်ကားဖွံ့ဖြိုးတိုးတက်စေမည် ရွှေချောင်းအမှတ်(၂)တံတားသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ တတိယဝတ်တွင် ရာနှုန်းပြည့်ပြီးစီးအောင်မြင်နေပြီဖြစ်ကြောင်း သိရသည်။ ပခုက္ကူမြို့ကြီးတွင် ရွှေချောင်းအမှတ်(၁) တံတားသည် ယာဉ်အသွားအလာများပြားမှု၊ မြို့လယ်ကောင် မိန်းလမ်းသဖွယ်ဖြစ်နေမှုတို့ကြောင့် ပြည်နယ်တောင်တန်းနယ်တစ်ဝန်းမှ ကုန်စည်ကားကြီးများ အချိန်နှင့်တစ်ပြေးညီ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် နိုင်ငံတော်မှ ကျောက်မိကျောင်းတောရမြောက်ဘက်၊ အောင်ချမ်းသာရေဘေးရပ်ကွက်တောင်ဘက်၊ ပခုက္ကူ ကျွန်းချောင်း-ဆိပ်ဖြူမီးရထားလမ်း တံတားအနီး ရွှေချောင်းအမှတ်(၂) တံတားအား ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

"ရွှေချောင်းအမှတ် (၂)တံတားကို ကျွန်တော်တို့ အထူးစီမံကိန်းကြီးအဖွဲ့(၃)က နေ့ဆိုင်း၊ ညဆိုင်းတွေနဲ့ သတ်မှတ်ရက်အတွင်း ပြီးစီးခိုင်ခံ့အောင် တည်ဆောက်နေဝါတယ်။ ရွှေချောင်းတံတား အမှတ်(၂)ပေါ် ဖြတ်သန်းမယ့် မြို့ရှောင်လမ်းမကိုလည်း အထူးစီမံကိန်းအဖွဲ့ကြီး(၁)က ဖောက်လုပ်လျက်ရှိဝါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြို့ရှောင်လမ်းမသည် ပခုက္ကူမြို့သစ်မှ ပခုက္ကူမြောက်ဖျား မြင်းချိုင့်ရွာ ပခုက္ကူ တက္ကသိုလ် ဦးကြည်တောင်တော်အနီးမှ ဧရာဝတီ-ပခုက္ကူတံတားဆီသို့ တိုက်ရိုက်ဖောက်လုပ်ထားကြောင်း သိရသည်။ ရွှေချောင်းအမှတ်(၂) တံတားကို အထူးစီမံကိန်းကြီးအဖွဲ့(၃)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိပြီး တံတားအရှည်ပေ ၅၄၀ ရှိသည်။ တိုင်ခုနစ်တိုင်ဖြစ်ပြီး တစ်တိုင်နှင့်တစ်တိုင် ပေ ၉၀ ရှိသည်။ လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေ ၆ လက်မ အကျယ်ရှိကာ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကြောင်း သိရသည်။ ခံနိုင်ဝန်အားမှာ ၇၅ တန်ဖြစ်သည်။ သံကူကွန်ကရစ်ဘိုးဝိုင်နှင့် သံကူကွန်ကရစ်ကိုယ်ထည်ဖြစ်ကာ တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ဖြစ်သည်။ တံတားတိုင် အမြင့် မြေပေါ် ၁၀ ပေ၊ မြေအောက် ၂၇ မီတာရှိပြီး ပခုက္ကူရွှေချောင်းအမှတ်(၂)တံတားသည် ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ပခုက္ကူမြို့နှင့် ပခုက္ကူဒေသသည် ချင်းတွင်းမြစ်ဖြတ် ဆင်ဖြူရှင်တံတား မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အနောက်ဘက်ကမ်းဒေသကို ဝေါင်းကူးပေးသည့် ဧရာဝတီမြစ်ဖြတ် ပခုက္ကူဧရာဝတီတံတား၊ ပခုက္ကူမြို့ကို စည်ကားလှပစေသည့်ရွှေချောင်းအမှတ်(၁)တံတား၊ မြန်ပြည်အနှံ့ ကုန်စည်စီးဆင်းမှုလျင်မြန်စေမည် ရွှေချောင်းအမှတ်(၂)တံတားများကြောင့် ပခုက္ကူဒေသသာမက ချင်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ ယောနယ်၊ ကဘော်နယ်သာမက မြန်မာပြည်အရပ်ရပ်သွားလာဆက်သွယ်မှုအားကောင်းကာ မြို့၏တိုးတက်မှုနှင့်အပြိုင် မြို့နေလူနေမှုဘဝများလည်း မြင့်မားလာ၍ ပခုက္ကူဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြောင်း သိရသည်။

နေဦးမောင် (ပခုက္ကူ)

ပင့်ပထ္တုဂရုပြုသတင်းရေးသားနည်း မန္တလေးတွင် တတိယအသုတ်ဖွင့်လှစ်မည်

မန္တလေး ဧပြီ ၂၉

လက်ရှိဖြစ်ပေါ်နေသောပဋိပက္ခသတင်းများ၊ ပဋိပက္ခဖြစ်ရန် တင်းမာနေသော အနေအထားကို ကြုံတွေ့လျက်ရှိသည့်ဒေသများမှ သတင်းများကို ရေးသားကြမည် မီဒီယာသမားများအတွက် ပဋိပက္ခဂရုပြုသတင်းရေးသားနည်း စွမ်းရည်မြှင့်တင်ရေးသင်တန်းအား မန္တလေးမြို့တွင် မေ ၅ ရက်မှ ၇ ရက်အထိ သုံးရက်တာ သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းအား မြန်မာငြိမ်းချမ်းရေးစင်တာ The Myanmar Peace Centre (MPC) နှင့် နိုင်ငံတကာ မီဒီယာပံ့ပိုးရေးအဖွဲ့ International Media Support (IMS)တို့ပူးပေါင်းစီစဉ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ပဋိပက္ခသတင်းများနှင့်ငြိမ်းချမ်းရေးဖြစ်စဉ်သတင်းများကို တာဝန်ခံရေးသားရာတွင် မြန်မာမီဒီယာများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်ရည်ရွယ်ပြီး ထိုသို့သော စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းအားဖြင့် စာနယ်ဇင်း၊ မီဒီယာများမှ ပြည်သူများသို့ သတင်းအချက်အလက်များဖြန့်ဖြူးဝေးရန်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သဏ္ဌာန်အမျိုးမျိုးဖြင့် ဆက်စပ်ပတ်သက်နေသူများအကြား ဆယ်သွယ်ရာတွင် သိကွာရှိ၍ အရေးပါသော ဝေါင်းကူးအဖြစ်လုပ်ဆောင်ပေးနိုင်ရန် ရည်ရွယ်ကာ သင်ကြားပို့ချမြင်းဖြစ်သည်။

ပဋိပက္ခကိုနားလည်သဘောပေါက်ခြင်း၊ စာနယ်ဇင်းသမားများအတွက် ပဋိပက္ခဆန်းစစ်အကဲဖြတ်ခြင်း၊ မြန်မာနိုင်ငံအတွင်းရှိပဋိပက္ခများ၊ မီဒီယာလွှမ်းမိုးမှု၊ ပဋိပက္ခဝန်းကျင်အတွင်း သတင်းခန်းစီမံခန့်ခွဲခြင်း၊ တာဝန်ယူမှုရှိသော စာနယ်ဇင်းပညာ၊ စာနယ်ဇင်းသမားများအတွက် လုံခြုံမှု၊ အရေးပါသော ကျင့်ဝတ်ဆိုင်ရာ အရေးကိစ္စရပ်များ၌ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အဖြစ်အပျက် အခြေပြုလေ့လာသင်ယူခြင်း၊ အုပ်စုလိုက်လက်တွေ့ ကွင်းဆင်းအလုပ်လုပ်ခြင်း အစရှိသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

မန္တလေးတွင် တတိယအကြိမ်အဖြစ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ပထမအသုတ်ကို ဒီဇင်ဘာလ၊ ဒုတိယအသုတ်ကို ဇန်နဝါရီလများက သင်ကြားပို့ချခဲ့သည်။ အဆိုပါ သင်တန်းအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီး၊ လားရှိုး၊ ကလေး၊ မုံရွာ၊ မြစ်ကြီးနားမြို့များတွင် သင်ကြားပို့ချပေးခဲ့ပြီး စစ်တွေ၊ ပုသိမ်၊ မော်လမြိုင်မြို့များတွင် ဆက်လက်သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတွင် ပဋိပက္ခဖြစ်ပွားခဲ့သော ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားတွင် ၁၀ နှစ်ကြာ အောင်မြင်စွာအသုံးပြုလျက်ရှိသော မကြာခင်က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကျင်းပခဲ့သည် နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲ၌ ပြန်လည်ဆန်းစစ်မွမ်းမံခဲ့သည့်ပဋိပက္ခဂရုပြုစာနယ်ဇင်းသင်ကြားနည်းစနစ်ကို အသုံးပြု၍ သင်ကြားပို့ချမြင်းဖြစ်ကြောင်းသိရသည်။ **(ဝဝ၂)**

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုငွေလှူ

မန္တလေး ဧပြီ ၂၉

(၆၇)ကြိမ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားအတွက် အလှူငွေ ပေးအပ်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မြို့နယ်မီးသတ်ဦးစီးရုံး၌ ဧပြီ ၂၂ရက်တွင် ကျင်းပသည်။ အလှူငွေပေးအပ်ပွဲတွင် အလှူရှင်ဦးတင်ဝင်း (ကီးမားတင်ဝင်း စားသောက်ဆိုင်)က အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဗဟိုမီးသတ်ဌာနမှ မီးသတ်ဦးစီးမှူး ဦးကြည်တိုးက လက်ခံပြီး ဂုဏ်ပြုလွှာ မြန်လည်ပေးအပ်သည်။

ရှင်းလင်းပြောကြား

"ကျွန်တော့်ရပ်ကွက်မှာ မီးကြီးနှစ်ကြိမ်လောင်ခံခဲ့ရဖူးဝါတယ်။ မီးသင့်ခံရသူတွေကိုလည်း ကိုယ်ချင်းစာမိဝါတယ်။ မီးသတ်သမားတွေရဲ့ စွန့်စွန့်စားစား မီးငြိမ်းသတ်နေတာတွေကိုလည်း ကိုယ်တိုင်မြင်တွေ့နေတော့ မီးသတ်သမားတွေ ကိုယ်ကျိုးစွန့် အနစ်နာခံမှုတွေကို ဂုဏ်ဖြုချင်လို့ အခုလိုလှူဒါန်းရတာဖြစ်ဝါတယ်" ဟု အလှူရှင်ဖြစ်သည့် စကြာနွယ်စဉ် ရပ်ကွက် မီးသတ်ကားဝယ်ယူရေး ဆပ်ကော်မတီဥက္ကဋ္ဌက လှူဒါန်းရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

"မန္တလေးမှာ သန္ဓေမီးသတ်စခန်း ရှစ်ခု၊ အရန်မီးသတ်စခန်း ၅၈ ခုရှိဝါတယ်။ မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ်စက်ယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ်၊ ကွပ်ကဲမှုယာဉ် စုစုပေါင်း ၈၀ ကျော်နဲ့ မီးငြိမ်းသတ်မှုကို ဆောင်ရွက်နေဝါတယ်။ ၁၉၉၄ ခုနှစ်နှောင်းပိုင်းမှာ မီးသတ်ကို အဆင့်မြှင့်နိုင်ခဲ့ပြီး မီးလောင်မှုကို အမြန်ဆုံးနဲ့ အထိရောက်ဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ဝါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ဗဟိုမီးသတ်ဌာနမှ မီးသတ်ဦးစီးမှူး ဦးကြည်တိုးက ရှင်းလင်းပြောကြားသည်။

ရွာဖွေကယ်ဆယ်ရေး

မန္တလေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၂၀၀ ကျော်ဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဘဦး)

မန္တလေး ဧပြီ ၂၉

မန္တလေးထီစျေးကွက် အရောင်းအဝယ်အေး

မန္တလေးမြို့ ထီစျေးကွက်မှာ မဟာသင်္ကြန်ပွဲတော်ကာလအပြီးတွင် အေးလျက်ရှိသည်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှလည်း ထီစျေးနှုန်းများ မြင့်နေသဖြင့် အများပြည်သူများ စျေးနှုန်းသက်သာစွာ ထိုက်စမ်းနိုင်ရန်(၂၀၃)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ အကွာရာတိုးမြှင့်ပြီး ထုတ်ဝေရောင်းချခဲ့ရာ ထီလက်လီတစ်စောင် ကျပ် ၂၅၀ အထိ စျေးကျသွားသည်။ သင်္ကြန်ကာလပိတ်ရက်များသဖြင့် လဆန်းပိုင်းတွင် ထီထိုးသူနည်းပါးခဲ့ပြီး လကုန်ရက်များတွင်သာ ထီထိုးကံစမ်းသူများခဲ့ကြောင်း ထီဆိုင်ပိုင်ရှင်များက ပြောသည်။ မန္တလေးမြို့ ညချမ်းဘွင် ကျူးပတ်လည်၌ လက်ကျန်ထီလက်မှတ်များအား ထီတွန်းလှည်းများဖြင့် လာရောက် ဝင်ရောက်ရောင်းချလျက်ရှိရာ ခရီးသွားရင်း ကံစမ်းကြကြောင်း သိရသည်။

(ကိုကို-မန္တလေး)

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

လိုနေသူကို ပေးမကျပ်ဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

ဆရာမိုး Follow Me Ph.D (USA)

Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်

ENGLISH 4 SKILLS Level (1,2) ၄လနှင့်

ENGLISH 4 SKILLS Level (1)

Essay, Letter

May 4

4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။

Certificate in Teaching English ဆရာဖြစ်သင်တန်း ၅လ

Universal Institute of ESL (USA)မှ Certificate ချီးမြှင့်ပေးမည်။

SPEAKING သီးသန့် ၄လ

ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။

အင်း၁၀ 0943125393

01 295798, 398118

ရုံးခန်းလိပ်စာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Kyaw Zeyar Trading Group Co.,Ltd. ၏ Panasonic Telecomm & OA Showroom & Service Centre အား ၁-၅-၂၀၁၃ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များအားအသိပေးအပ်ပါသည်။

ပြောင်းရွှေ့ခြင်းအထိမ်းအမှတ်အဖြစ် မေလအတွင်း ဝယ်ယူသူများအား 20% to 40% Discount ဖြင့် အထူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

Showroom & Service Centre
No.57,Corner of Pyay Road & Shwehinthar Street,
6½ miles, Hlaing Township, Yangon.
Tel:(95-1)654802,654803,654804,654805
E-mail : sales@panasonic.com.mm,
kyawzeyartelecomm@gmail.com

ကမ္ဘာလှည့်ခရီးသွားတို့ ရှမ်းအိုးစည်ကို စိတ်ဝင်စား

သီပေါ ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့သည် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသော ရှေးမြို့တစ်မြို့ဖြစ်သည်။ မြို့အတွင်း အကွက်ဖော်ထုတ်မှုမှာ အချိုးကျသပ်ရပ်စွာ အကွက်ရိုက်တည်ထားသဖြင့် ဒုတိယမန္တလေးမြို့ဟု ကင်စားခေါ်ဝေါ်ကြသည်။

ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားသားဧည့်သည်များအနေဖြင့် သဘာဝအရင်းအမြစ်များအထိုင်းကည်ရှိသော ရေတံခွန်များ ဒု၄၀ကီမြစ်ဆုံအလှအပများကို ခရီးသွားအချင်းချင်း လက်ဆင့်ကမ်းကာ လာရောက်လည်ပတ်လျက်ရှိကြသည်။

ထို့ကြောင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရှမ်းထိုင်းရင်းသားများ၏ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရိုးရာယဉ်ကျေးမှု ရှမ်းအိုးစည်ပုံသင်္ကေတကို ရှမ်းပြည်နယ်၏သင်္ကေတအဖြစ် မြို့အဝင် အထွက် နေရာများ၌ အင်္ဂါတော်ဖြင့် ပုံဖော်ထုလုပ်ထားသည်။(အပေါ်ပုံ)

အဆိုပါ ရှမ်းအိုးစည်ပုံသင်္ကေတကို နိုင်ငံခြားခရီးသွားများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာလျက်ရှိသည်ကို မြင်တွေ့ရသည်။

စိုင်း(သီပေါ)

ကျောက်မဲမြို့ရှိ ရပ်ကွက်များအား ရေပေးဝေ

ကျောက်မဲ ဧပြီ ၂၉

ယခုနှစ်နွေရာသီတွင် ရေထွင်းရေများ လျော့နည်းခန်းခြောက်သွားသဖြင့် သောက်သုံးရေအခက်အခဲကြုံတွေ့နေကြရသော ကျောက်မဲမြို့ပေါ်ရှိ အမှတ်(၇)ရပ်ကွက် မြောက်ကုန်းရပ်နှင့် အမှတ်(၈)ရပ်ကွက် ထုံးဖိုရပ်ထို့ရှိ ပြည်သူများအား ခရိုင်ရဲကပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဝင်း ဦးဆောင်သော ရဲထပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကိုကိုကြီးဦးစီးသော မီးသတ်ထပ်ဖွဲ့ဝင်များသည် ခရိုင်ရဲထပ်ဖွဲ့မှူးရုံးဝင်းအတွင်းရှိ လေးလက်မစက်ရေထွင်းမှရေများကို ရေသယ်ယာဉ်များဖြင့် သယ်ယူကြပြီး ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ရေပေးဝေကူညီပေးခဲ့ကြသည်။(အပေါ်ယာပုံ)

(ဒုဇ၃)

မြဝတီ၌ ဆင်းကတ်မဲနှိုက်

မြဝတီ ဧပြီ ၂၉

ဧပြီ ၂၅ ရက်က မြဝတီခရိုင် မြဝတီမြို့နယ်တွင် MEC Tel အစည်း၏ CDMA-800 MHz ဆင်းကတ်များကို မြဝတီမြို့ပေါ်ရပ်ကွက်များရှိ ရယကရုံးများတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ ဖုန်းလျှောက်လွှာ တင်ထားသည့် ပြည်သူများအား မဲနှိုက်ရောင်းချပေးခဲ့သည်။(ယာပုံ)

နဒီမြင့်မိုရ် (မြဝတီ)

ချောင်းဦးမြို့နယ်၌ မီးလောင်မှုဖြစ်ပွား အိမ် ၃၂ လုံးနှင့် ဝက်သုံးကောင်ဆုံးရှုံး

ချောင်းဦး ဧပြီ ၂၉

ချောင်းဦးမြို့နယ် ရွှေဂူကျေးရွာ၌ ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချောင်းဦးမြို့နယ် ရွှေဂူကျေးရွာ အကွက်အမှတ် (၇) ဦးဘမှန် (ခ)ဇော်မင်းဦး၏သမီးဖြစ်သူ မမိုးမိုးဝင်း အသက်(၇)နှစ် ထမင်းချက်ရာမှ မီးလောင်ကျွမ်းရခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၃၂ လုံးနှင့် ဝက်သုံးကောင် မီးကူးစက်လောင်ကျွမ်းခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူ ၁၀၀ စုစုပေါင်းအင်အား ၁၃၀ ခန့်က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီထွင် မီးညွန့်ကျိုးပြီး ညနေ ၄ နာရီထွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သေဆုံးမှုမရှိခဲ့ကြောင်းသိရသည်။

(မျိုးဝင်းထွန်း)

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

မအူပင်(တောင်)ရေနံအစမ်းတွင်းဒေသ၊ ရေနံအစမ်းတွင်း အမှတ်(၈)၊ DT-4တို့၏ တွင်းရေဲယာနှင့် တွင်းအဝင်လမ်း ကျောက်ကြီးခင်းခြင်းရန်အတွက် ၆'×၉' ကျောက်ကြီးပေးသွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်-၂/(၂၀၁၃-၂၀၁၄)

ပေးသွင်းရမည့်ပစ္စည်း	- ၆"×၉"ကျောက်ကြီး
ပေးသွင်းရမည့်အရေအတွက်	- ၈၃၀ ကျင်း
ပေးသွင်းရမည့်နေရာ	- မအူပင်(တောင်)
တင်ဒါပိတ်မည့်နေ့ရက်/အချိန်	- ၇-၅-၂၀၁၃ရက်၊ ၁၂:၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ	- စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်မည့်နေ့ရက်/အချိန်	- ၇-၅-၂၀၁၃ရက် မွန်းလွဲ ၁း၃၀ နာရီ

တင်ဒါပုံစံနှင့် စည်းကမ်းများကို ဘဏ္ဍာရေးဌာန ၊ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ခုလျှင် (၁၀၀ဝိ/-) ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၁၂၀၅ တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ညောင်တုန်းရေနံမြေ ရေနံအစမ်းတွင်းအမှတ်(၅၀)၊ (၅၁)တို့၏ တွင်းရေဲယာနှင့် တွင်းအဝင်လမ်းများအား ကျောက်ကြီးခင်းခြင်းလုပ်ငန်းအတွက် ၆'×၉' ကျောက်ကြီးပေးသွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်-၁/(၂၀၁၃-၂၀၁၄)

ပေးသွင်းရမည့်ပစ္စည်း	- ၆"×၉"ကျောက်ကြီး
ပေးသွင်းရမည့်အရေအတွက်	- ၄၂၆ ကျင်း
ပေးသွင်းရမည့်နေ ရာ	- ညောင်တုန်းရေနံမြေ
တင်ဒါပိတ်မည့်နေ့ရက်/အချိန်	- ၇-၅-၂၀၁၃ရက် ၁၂း၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ	- စွမ်းအင်ဝန်ကြီးဌာနမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်မည့်နေ့ရက်/အချိန်	- ၇-၅-၂၀၁၃ ရက် မွန်းလွဲ ၁း၃၀ နာရီ

တင်ဒါပုံစံနှင့်စည်းကမ်းများကို ဘဏ္ဍာရေးဌာန ၊ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ခုလျှင် (၁၀၀ဝိ/-)ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၁၂၀၅ တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့၊
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်ထင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
Tender	No.06/DHPI/Spare/2013-2014	
(က)	Spare Parts (Heavy Machinery Spare)	1Lot

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၅-၆-၂၀၁၃ ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈ရက် မွန်းတည့် ၁၂နာရီခွဲပြီး (၁၂း၀၀) နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်၊

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်-၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

device Business Management Academy IN COLLABORATION WITH SIBME The Name You Can Trust

ထိရောက်အောင်မြင်စွာ လုပ်ငန်းပြီးမြောက်စေရန် အတွက် မိမိကိုယ် မိမိစီမံခန့်ခွဲမှု သင်တန်း

The WINNING Formula for Self Management

★ လုပ်ငန်းအတွင်း လုပ်ကိုင်မှု စွမ်းရည်များ တိုးတက်လာစေရန်၊
★ လုပ်ငန်း၏ အမြတ်အစွန်းများ ပိုမို ရရှိလာစေရန်၊
★ အခြေခံကျကျ ထိရောက်သော လုပ်ငန်းခွင် အောင်မြင်မှု ပေါ်ပေါက်လာစေရန်၊

CONDUCTED BY 2 SPEAKERS

HONORABLE SPEAKER : Prof. Dr. Aung Tun Thet (Senior Advisor - UN Resident Coordinator's Office)

MAIN SPEAKER : U Tin Zan Kyaw (Principal - Device Business Management Academy)

No. 24/26, 4 B-C, Race Course Condo, South Race Course Street, Tamwe Township, Yangon.
Tel : (+959) 4200 33366~33377 (Hot Line), 4200 33355, 42100 7002, 42100 7005 (+959) 730 45 140, 731 43313

Methodology: Workshop, Case Studies, Brainstorming Sessions
Venue: Device Executive Hall
Date: 4th~5th May, 2013
Time: 8:00 am ~ 5:00 pm

VALUESTAR COMPUTER & LANGUAGE CENTRE

ESSENTIAL COMPUTER SKILLS LEVEL 1/2
COMPUTER BASIC (Office 2010)
GRAPHIC DESIGN / D.T.P
PRATICAL A+ / AUTO CAD
SPOKEN ENGLISH (4 SKILLS)
GENERAL ENGLISH (4 SKILLS+GRAMMAR & VOCAB)
PROGRAMMING FUNDAMENTAL (C++ / JAVA)

ဖုန်း - ၀၁-၅၁၆၀၃၈ ၊၀၁-၅၂၆၅၃၄

ရည်ရူးချစ်သူ

ဆွေညီ

"တော်တော် စိတ်ကုန်စရာကောင်းတဲ့ အိမ်ထောင်သည် ဘဝပါကွာ"

"ဟုတ်တယ်၊ ငါလည်း တစ်ခါတလေ တစ်ယောက်တည်း တောထွက်ရ ကောင်းမလားလို့ စိတ်ဖြစ်မိတယ်၊ တော်တော်စိတ်ကုန်စရာ ကောင်းပါတယ်ကွာ"

"ဟား ဟား ဟား မင်းတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ကဲ ကဲ မင်းတို့ရဲ့ စိတ်ကုန်ဇာတ်လမ်းလေးတွေကို ငါ့ကို ရင်ဖွင့်ကြပါ၊ ငါနားထောင်ပါမယ်"

အံ့အားသင့်ဖွယ်။ တစ်နေ့တည်း နာရီဝက်ခန့်သာ ခြား၍ တိုက်တိုက်ဆိုင်ဆိုင်ရောက်ရှိလာသော သူငယ်ချင်းနှစ်ဦး။ ရောက်ခါစတုန်းကတော့ တာဝန်နဲ့ ခရီးထွက်လာတာဟု ရန်ကုန်သားက အကြောင်းပြသည်။ မန္တလေးသားက ခွင့်နဲ့လာလည်တာဟု ပြောသည်။ ညနေဝိုင်းဖွဲ့တော့မှ စကားသွက်လာကြစဉ် သူတို့အိမ်သူများနှင့် မကျေမလည်ဖြစ်ပြီး ထွက်လာကြခြင်းဖြစ်ကြောင်း ဖွင့်ဟလာကြသည်။

ရန်ကုန်သားသူငယ်ချင်း ကိုသက်က "ကိုညီလည်း သိပါတယ်။ မေ့ကို ငါဘယ်လောက်ချစ်တယ်ဆိုတာ။ သမီးရယ်၊ မေရယ်က ငါ့ဘဝပါ။ မေက ကျန်တဲ့နေရာတွေမှာ တော်တော်ကောင်းတယ်။ ငါ့မိဘတွေကို သူ့မိဘတွေလိုပဲ နေရာထားတာ၊ ငါ့ညီအစ်ကို မောင်နှမတွေအပေါ်မှာ လေးလေးစားစားဆက်ဆံတာ၊ ငါ့အပေါ်မှာ ဇနီးဝတ္တရား ကျေပွန်တာတွေက သူများထက်သာတယ်။ သူ့စိတ်ရင်းနဲ့ ငါ့ကို တန်ဖိုးထားတော့ ငါ့ပတ်ဝန်းကျင်ကို သူက အလေးထားပြီးတော့ ဆက်ဆံတယ်၊ နေရာပေးတယ်။ ငါက သမီးကိုယ်ဝန်နဲ့မှာ မိသားစုကိုခွဲပြီး နိုင်ငံခြားကို လေးနှစ်လောက် ပညာတော်သင်ထွက်သွားတာမို့ သမီးကို သူတစ်ယောက်တည်း လိမ္မာယဉ်ကျေးအောင်၊ ကျန်းမာသန့်စွမ်းအောင် မွေးမြူခဲ့တာတွေ၊ သမီးသိတတ်တဲ့ အရွယ်ကတည်းက ငါနဲ့ အဆက်မပြတ်အောင် နေ့စဉ် အင်တာနက်ကတစ်ဆင့် ဆက်သွယ်ပေးခဲ့တာတွေ၊ ငါမရှိချိန်မှာလည်း ငါ့မိဘတွေအပေါ် စောင့်ရှောက်ခဲ့တာတွေ၊ ပြီးတော့ မဖောက်မပြားပေါ့၊ သစ္စာရှိတာတွေက ငါ့အတွက် မမေ့နိုင်တဲ့ ကျေးဇူးတရားတွေလို့ ပြောလို့ရတယ်။

"မကောင်းတာကတော့ မေက သဝန်တိုတဲ့နေရာမှာ နံပါတ်တစ်ပဲ။ မေ့အပြင် ငါ့မှာဖောက်ပြားချင်တဲ့စိတ်လုံးဝကိုမရှိဘူး။ ဒါပေမယ့် ငါ့ကို အမြဲမယုံသင်္ကာတွေ၊ စွပ်စွပ်စွဲစွဲတွေ လုပ်နေတာတွေကြောင့် စိတ်ညစ်ရတယ်"

"ဒါက မင်းကို ချစ်လို့ သဝန်တိုတာပဲ။ မင်းကလည်း ဒါလေးများ"

"မင်းမကြုံရလို့ ဒီလိုပြောတာ။ ငါ့မှာ အပြင်က သက်ရှိထင်ရှား အမျိုးသမီးတွေနဲ့တင်မကဘူး။ ကိုရီးယားဇာတ်လမ်းတွဲ ကြည့်နေရင်တောင် ငါမျက်လုံးကို လိုက်ကြည့်နေပြီး မင်းသမီးကို ကြည့်နေတာ ဘယ်နှမိနစ်ရှိပြီ စွပ်စွဲလို စွပ်စွဲ၊ ဂျာနယ်၊ မဂ္ဂဇင်းထဲက မိန်းကလေးရုပ်ပုံပါလို့ကြည့်မိရင်တောင် စတ္တုပေါက်ထွက်တော့မယ် ကြည့်နေတာ ဘယ်လိုဖြစ်တယ်၊ ညာလိုဖြစ်တယ်နဲ့ စွပ်စွဲလို စွပ်စွဲ၊ ကဲ မင်းခံစားကြည့်နိုင်မလား"

"ဘာဖြစ်လဲ။ ပြောပါစေပေါ့။ ဒီဘက်နားက ကြားဟိုဘက်နားက ထုတ်ပစ်လိုက်ရင် ရတာပဲ"

"ငါ့မှာ မိန်းကလေးအသိမိတ်ဆွေတောင် မပေါင်းရဲတော့ဘူး။ နှုတ်မဆက်ရဲတော့ဘူး။ အရင်က အသိမိတ်ဆွေ အိမ်တွေကိုလည်း မသွားဖြစ်တော့ဘူး။ အိမ်ထောင်ကျစက သူ့ကိုမိတ်ဆွေသင်္ဂဟတိုးအောင်၊ ငါ့အပေါင်းအသင်းမိတ်ဆွေတွေနဲ့လည်း ခင်ခင်မင်မင်ရှိအောင် သူ့ကိုခေါ်သွားတာမှာ အပြန်လမ်းမှာတင် အဲဒီအိမ်က တစ်ယောက်ယောက်နဲ့ ငါ့ကိုပေးစားပြီး ပြောဆိုနေတာ မပြီးတော့ဘူး။ မိန်းကလေးရောင်းတဲ့ဆိုင်က ပစ္စည်းတောင် မဝယ်ရဲတဲ့အခြေအနေဆိုရင် မင်းတို့ဘယ်လိုပြောမလဲ။ အဲဒါ ငါ့အိမ်ထောင်သည်ဘဝပဲကွာ"

"အခုက ဘာဖြစ်လို့ အိမ်က ထွက်လာတာလဲ"

"မနေ့က လုပ်ဖော်ကိုင်ဖက်အရာရှိစုံတွဲနဲ့ ငါတို့စုံတွဲ ညစာထွက်စားကြတယ်။ အရင်ကတည်းက အိမ်နီးနားချင်းတွေ အခုမှ တွေ့ဖူးတဲ့သူတွေလည်း မဟုတ်ပါဘူး။ အဲဒါကို စားပွဲမှာကတည်းက သူ့မျက်နှာက စူပုပ်နေပြီ။ အပြန်လမ်းမှာ ဟော့ကောင်ရေ ဘယ်လောက်ရက်စရာကောင်းသလဲဆိုရင် အဲဒီ လုပ်ဖော်ကိုင်ဖက်ရဲ့ ဇနီးနဲ့ ငါ့ကို ပေးစားတယ်။ သူက မိန်းမချင်းမို့ သိတယ်ပေါ့။ သူသိတယ်ဆိုတဲ့ အမြင်က ဘယ်လောက်မှားသလဲ။ ငါ လုံးဝသည်းမခံချင်ဘူး။ အဲဒီမှာ စကားနည်းနည်းများပြီး စိတ်ပေါက်လာတာနဲ့ ကားယူပြီး ထွက်လာတာ။ နေပြည်တော်ရုံးချုပ်မှာလည်း ငါလုပ်စရာတွေရှိလို့ အခုရက် လာစရာလည်း ရှိနေတာပါ။ မင်းကွာ ကိုယ်လည်း တကယ်မဟုတ်ဘဲနဲ့ စွပ်စွဲခံရတာ အတော်ခံရဆိုးတယ်။ ပြီးတော့ အပြင်မှာ ကိုယ်က စိတ်ကစားတယ်။ ဖောက်ပြန်ချင်စိတ်ရှိတယ်ဆိုရင်လည်း တစ်မျိုးပေါ့။ ကိုယ်က မှန်နေရက်နဲ့ စွပ်စွပ်စွဲစွဲ လုပ်တာကျတော့ တစ်ခါတလေ ခံရသိပ်ခက်တယ်ကွာ"

"မင်းဟာကလည်း တစ်မျိုး၊ ဒါပေမယ့် မိန်းမတွေရဲ့ တဆူဆူ၊ တပူပူလုပ်တတ်တဲ့အကျင့်ကိုတော့ မင်းနဲ့ငါက ကြုံရတာ တစ်ပုံစံတည်းပဲ"

ငြိမ်နားထောင်နေသည့် မန္တလေးသား ဖိုးဆွေ၏ မှတ်ချက်က ကျွန်တော့်အတွက် သူ့ကိုစကားခေါ်ဖို့ ဖြစ်သွားသည်။

"ဖိုးဆွေ မင်းကကော ဘာဖြစ်တာလဲ"

"ဒီကောင့် မိန်းမလို သဝန်တိုတာ မဟုတ်ပေမယ့် တစ်နေကုန် တဖျစ်တောက်တောက် ပြောနေတာကို ငါမုန်းတာ။ ငါ့ကိုရော ကလေးတွေကိုရော တစ်နေကုန် ဘာဖြစ်ပြန်ပြီ ညာဖြစ်ပြန်ပြီနဲ့ ပြောဆိုနေတာကို စိတ်ပျက်တယ်"

"မင်းကလည်း အခုမှလား။ အိမ်ထောင်သက်ပဲ ဆယ့်ငါးနှစ်ကျော်နေပြီ။ အခုမှ မင်းက စိတ်ပျက်တယ်၊ ဘာတယ်နဲ့ ဖြစ်မနေနဲ့"

"နေ့တိုင်းကွာ။ ရေခဲသေတ္တာထဲက ရေဘူးကို ရေအရမ်းဆာလွန်းတဲ့အခါ ဖန်ခွက်ထဲထည့်မနေတော့ဘဲ မော့သောက်ရင် မော့သောက်ပြန်ပြီ၊ ဖိနပ်ကို မညီမညာချွတ်ရင်ချွတ်ပြန်ပြီ၊ တစ်နေကုန်ငါနဲ့ ငါတို့သားအဖတစ်တွေ အိပ်ရာက ထကတည်းက မျက်နှာသစ်ရင်း ဘေဆင်အပြင်ကို ရေတွေဖိတ်စဉ်တာ၊ သွားတိုက်ဆေးဘူး ပြန်မပိတ်တာ၊ ဆပ်ပြာခွက်အဖုံး ပြန်မဖုံးတာ၊ ခြင်ထောင် မသိမ်းတာ၊ ရုပ်မြင်သံကြားစက်ဖွင့်လို့ အသံကျယ်တာ ဟော့ကောင်ရေ တစ်နေကုန်ပြောနေတော့တာပဲ။ နေ့တိုင်း အမြင်မတော်တာ တစ်ခုခုတော့ရှိနေတာပေါ့ကွာ။ ငါက မမြင်ချင်ယောင်ဆောင်နေစမ်းပါလို့ ပြောရင် စည်းကမ်းရှိဖို့

> ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့၊ ငါတို့ ဟိုးအရင်ကတည်းက မက်မောခဲ့တဲ့၊ လိုချင်တဲ့၊ မျှော်လင့်တဲ့၊ ရည်စူးထားတဲ့ ဘဝပဲမဟုတ်လား။ ကိုယ်ရည်စူးသူနဲ့ ချစ်ရတယ်၊ ကိုယ်ရည်စူးတဲ့ သားသမီးရတနာတွေ ရှိလာတယ်။ ဒါက ဘဝပဲလေ။

ပြောနေရတာတို့၊ လူကြားထဲမှာ သွားလာနေထိုင်ရင် စည်းကမ်းရှိဖို့ လိုတာပေါ့တို့၊ အပြင်မှာ ဒီလိုစည်းမရှိ ကမ်းမရှိမနေဖို့သတိပေးတာတို့ ပြောပြီး ရန်ဖြစ်ကြတာပဲ။ ငါတို့က ကိုယ့်အိမ်မို့ ကိုယ်လွတ်လွတ်လပ်လပ် နေတာပေါ့ကွာ။ အပြင်မှာတော့ ငါတို့ ဒီလိုဘယ်နေမလဲ။ အဲဒါကို တဖျစ်တောက်တောက်နဲ့ ပြောနေလို့ စိတ်ပျက်လွန်းတာ"

"မင်းကလည်း အိမ်မကပ်တော့ဘဲ လျှောက်သွားတယ် မဟုတ်လား"

"အိမ်ကွာ၊ ပျော်ရွှင်စရာကောင်းရင် အိမ်ပြန်မှာပေါ့။ အခုတော့ အလုပ်ပြီးရင် ဘယ်သူနဲ့ အဖော်စပ်ရမလဲ စဉ်းစားနေရတယ်။ အဲဒီတော့လည်း ရုံးကဆင်းတာ ဘယ်အချိန်၊ အိမ်ပြန်ရောက်တာ ဘယ်အချိန်နဲ့ သူဘာသာတွက်ပြီး အလေလိုက်တယ် ဘာညာနဲ့ ဆူပူက်ပြန်ရော။ ကလေးတွေကိုလည်း တစ်နေ့တစ်နေ့ တဖျစ်တောက်တောက် ပြောနေတာ၊ ကလေးတွေကတော့ မျက်နှာငယ်လေးတွေနဲ့ ခံတာပေါ့။ ငါကတော့ အခုဆို သူပြောလေပိုရှဲ့လေပဲ။ သူမပြောတဲ့နေ့ အိမ်ကပ်တယ်။ တစ်ခွန်းပြောရင် တစ်နာရီနောက်ကျပြီးမှ အိမ်ပြန်တယ်။ ဖျစ်တောက်ဖျစ်တောက် ပိုပြောပြီဆိုရင် စနေ၊ တနင်္ဂနွေပါ အိမ်မှာ လုံးဝမနေတော့ဘူး၊ မိုးလင်းတာနဲ့ ထွက်ပဲ။ သူပဲ ပြောနိုင်မလား၊ ငါပဲ ရှဲ့နိုင်မလားဆိုပြီး နေနေရတာ"

"မင်းတို့ကလည်း ပွင့်ပွင့်လင်းလင်း မရှိလိုက်တာ၊ မင်းကပြောပေါ့၊ တဖျစ်တောက်တောက်လုပ်တဲ့ ဇနီးသည်ဘေးမှာ ဘယ်တော့မှ ခင်ပွန်းကောင်းမရှိဘူး၊ မနေဘူးလို့"

"ပြောတာ ကမ်းကုန်နေပြီ၊ မရမှ မရဘဲ"

"အဲဒီတော့ အပြင်မှာ အသွားအလာများတာနဲ့ မဟုတ်က ဟုတ်ကတွေ ဖြစ်နေဦးမယ်၊ အဲလိုလုပ်တာတော့ ငါမကြိုက်ဘူးကွာ ကိုသက်"

"အခုထက်ထိတော့ မဖြစ်သေးဘူးလေ ကိုညီ၊ ငါလည်း အဖြစ်မခံချင်ပါဘူးကွာ၊ ဒါပေမယ့် ဘယ်လိုလုပ်မလဲ၊ သူ့ဘက်က မပြင်သရွေ့ကတော့ ဒီလိုပဲ ဆက်ဖြစ်နေမှာပဲ"

"အဲဒါက ယေဘုယျအကြောင်းရင်းပေါ့ကွာ။ အခု လတ်တလောကကော ဘာဖြစ်တာလဲ"

"အလုပ်ကို ဝတ်သွားတဲ့အကျီမှာ ဘောပင်မင်ပေတာကို တဖျစ်တောက်တောက်ပြောနေတာနဲ့ အဲဒီအကျီကို ကတ်ကြေးနဲ့ အပိုင်းပိုင်းဖြစ်အောင် စုတ်ဖြဲပစ်လိုက်ပြီး ထွက်လာတာ သူငယ်ချင်း။ ဘာဖြစ်လဲကွာ အဲဒီ အကျီမျိုးငါ အထည်တစ်သိန်းလောက် ဝယ်ဝတ်နိုင်တယ်။ ငါလည်း ဖြစ်ချင်လို့ ဖြစ်တာမှမဟုတ်တာ။ ဒါမျိုးက သုံးလေးကြိမ်လည်း မကပါဘူး။ ငါဖြစ်ခဲ့ပါတယ်။ ဖြစ်တိုင်း တဖျစ်တောက်တောက်နဲ့မို့ ဒီတစ်ခါတော့ သည်းမခံနိုင်တာနဲ့ ထွက်လာတာ သူငယ်ချင်း၊ ဘာမှ အလုပ်မဟုတ်တာလေးနဲ့ စကားများရတာ၊ အဓိပ္ပာယ်ကို မရှိပါဘူးကွာ"

"အေးကွာ၊ ငါတို့မှာ အလုပ်ထဲမှာလည်း ကြုံတွေ့ရတဲ့ ပြဿနာတွေ၊ အခက်အခဲတွေက အများကြီး၊ စိတ်ညစ်ရတာတွေလည်း တစ်ပုံကြီးပဲ။ ဒါကို အိမ်မှာပါ ထပ်ကြုံရတော့ ငါတို့ ပေါက်ကွဲတာပေါ့။ ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်ကြတာ လက်ခံပါတယ်။ မဖြစ်သင့်ဘဲ ငါ့ကို မဟုတ်က ဟုတ်က လိုက်သဝန်တိုတာကိုရော၊ ဒီကောင့်ကို တဖျစ်တောက်တောက် ပြောတာကိုရော နားမလည်နိုင်ဘူး၊ နားမလည်ချင်ဘူး"

"မင်းမိန်းမကော သူ့ကိုကျတော့ သဝန်မတိုဘူးဆိုပြီး ပြဿနာမရှာဘူးလား ကိုသက်"

"ဘယ်နေမလဲ ဖိုးဆွေရာ၊ မင်းမှန်းကြည့်တတ်သားပဲ။ သူ့ကိုကျတော့ သဝန်မတိုဘူး၊ အဲဒါမချစ်လို့ သဝန်မတိုတာလို့ ပြဿနာရှာတာလည်း ခဏခဏပဲကွာ၊ ဘယ်လောက် အနေရကျပ်သလဲဆိုတာ။ ပြဿနာတွေ မရှိတဲ့အချိန်မှာ စိတ်ချမ်းမြေ့ပျော်ရွှင်ရသလောက် အခုလို ဖြစ်ပြီဆိုရင် စိတ်ညစ်ရတယ်။ အိမ်ထောင်ရေး အဆင်ပြေနေတဲ့အချိန်မှာ လုပ်ငန်းခွင်မှာကအစ အောင်မြင်ပျော်ရွှင်ရပေမယ့် အဲဒီလို ရန်တွေဖြစ်၊ အိမ်ပြန်ရောက်လို့ သူစကားမပြော၊ ကိုယ့်စကားမပြောနဲ့ အမောမပြေတဲ့အခါ လုပ်ငန်းခွင်မှာ ပြီးပြီးရော လုပ်ပစ်လိုက်ချင်တယ်။

"စိတ်ကမပျော်တော့ အလုပ်မှာ ထစ်ခနဲရှိ ပြဿနာရှာလိုက်ချင်တယ်။ ပြဿနာဖြစ်ရင် မိသားစုဘဝလေ။ သူတို့လည်း ထိခိုက်မှာပဲ မဟုတ်လား။ ဘာလို့ တစ်နေ့တစ်နေ့ ဒီလိုလုပ်နေတာလဲ၊ ငါ စဉ်းစားလို့ကိုမရဘူး။ ငါတို့တွေ အလုပ်ခွင်မှာ စိတ်ဖိစီးမှုတွေရှိတာ သူတို့ ကိုယ်ချင်းမစာတတ်ဘူး၊ သဝန်တိုလိုက်၊ စိတ်ကောက်လိုက်နဲ့ နေရအောင် ဟိုးငယ်စဉ်တုန်းကလို အပူအပင်ကင်းမဲ့တဲ့ သမီးရည်းစားဘဝလည်း မဟုတ်တော့ဘူးကွာ၊ အလုပ်တွေ၊ အကိုင်တွေနဲ့ ဖြစ်နေပြီ၊ နားလည်သင့်တာပေါ့"

"ငါတို့တွေရဲ့ လုပ်အားတွေနဲ့ နိုင်ငံတည်ဆောက်နေတာမို့ ငါတို့တွေ အိမ်ထောင်ရေးကြောင့် စိတ်လက်မကြည်မသာဖြစ်ရင် မိသားစုဘဝ ထိခိုက်ရုံအပြင်မကဘူး တိုင်းပြည်ကုန်ထုတ်လုပ်မှုမှာပါ ထိခိုက်တယ်လို့ ငါမြင်တယ်။ ငါကစပြီး မေ့ကို လုံးဝ ရန်လည်းမစဘူး၊ ပြဿနာလည်း မရှာခဲ့ဘူး၊ ဖောက်လွဲဖောက်ပြန်လည်း မလုပ်ခဲ့ဘူး၊ ဒါကို သူတို့နားလည်ရင် သိပ်ကောင်းမယ်ကွာ"

"ဒါနဲ့ ကိုညီ မင်းတို့ အိမ်ထောင်ရေးကော အဆင်ပြေသလား"

"အဆင်ပြေတယ်၊ ပြဿနာမရှိဘူး"

"ဟော့ကောင်၊ မင်းက နေပြည်တော်မှာနေပြီး မိသားစုက ရန်ကုန်မှာဆိုတော့ အတူတူမှ မနေရတာ၊ အဆင်ပြေတာပေါ့။ မင်းတို့လည်း အတူတူနေကြည့်ပါလား၊ ဘာမှ အဆင်ပြေမှာ မဟုတ်ဘူး၊ ငါပြောရဲတယ်၊ မိန်းမဆိုတာမျိုးက. . . ."

"တော်တော် ကိုယ့်လူ၊ နိုင်ငံရေး မပါကြေးကွ"

"ဟား ဟား ဟား ဟား. . . ."

"မင်းရေးတဲ့ တစ်သက်တစ်ဘဝ ထာဝရနဲ့ စခဲ့ကြဇာတ်လမ်း. . . ဆောင်းပါးထဲက မင်းညီလေးတို့လင်မယားရော အဆင်ပြေသွားကြပြီလား"

"အဆင်ပြေသွားပြီလို့ သိရပါတယ်"

"ကိုညီ ငါတို့ကိုလည်း ဇာတ်လမ်းတွေ လျှောက်ရေး မနေနဲ့ဦးနော်၊ မင်းက လွယ်တဲ့ကောင် မဟုတ်ဘူး"

"အဲဒါတော့ အာမ မခံပါဘူးကွာ ဟား ဟား ဟား"

"ကိုညီကတော့ မနိုင်ဘူးဟေ့၊ ဒီကောင့်ဆီ ရောက်လာတာကိုက ငါတို့အမှားပဲကွ ကိုသက်ရ၊ ဟုတ်တယ်မဟုတ်လား"

"ငါပြောမယ် ကိုသက်နဲ့ ဖိုးဆွေရ။ ယောကျ်ားမှရယ်၊ မိန်းမမှရယ် မဟုတ်ပါဘူးကွာ၊ ငါ့မိတ်ဆွေ ဆရာဝန်မမိသားစုဆိုလည်း ငွေကြေးနဲ့ ပြောမလား၊ အောင်မြင်မှုနဲ့ ပြောမလား၊ ယောကျ်ားကလည်း မရှုပ်မပွေ၊ အပျော်အပါး၊ အသုံးအဖြုန်းမရှိ၊ ဇနီးကလည်း ဖောက်လွဲဖောက်ပြန်မရှိ၊ ပေါင်းသင်းဆက်ဆံရေးကလည်း ကောင်း၊ သာမန်အပြစ်ပြောစရာ ဘာတစ်ခုမှမရှိဘူး၊ နှစ်ဦးစလုံးလည်း ဘာသာရေးကို လုပ်ကြတယ်။ ဒါပေမယ့် ပြည့်စုံတဲ့ အိမ်ထောင်ရေးဖြစ်မလာဘူး။ အံ့သြဖို့သိပ်ကောင်းတယ်၊ တကျက်ကျက်နဲ့ မကြာခဏကို ရန်ဖြစ်နေကြတယ်၊ စိတ်မချမ်းသာရဘူးတဲ့၊ ကဲ အဲဒါကို ဘယ်လို ပြောမလဲ။ နားလည်မှုလိုတယ်လို့ ပြောရမလား၊ ကံကြမ္မာကိုပဲ အပြစ်ပုံချရမလား၊ ငါလည်း မပြောတတ်တော့ဘူး"

"သားသမီး မရှိဘူးလား"

"သမီးတစ်ယောက်၊ သားတစ်ယောက်ရှိတယ်၊ ကလေးတွေကလည်း လိမ္မာကြတယ်"

"ဘာဖြစ်နေကြတာတဲ့ လဲ"

"ကိုသက်ကလည်း မေးတတ်လိုက်တာ၊ အဲဒီအဖြေကို သိမှတော့ ဒီပြဿနာ ဘယ်ဖြစ်မလဲကွာ၊ အိမ်ထောင်တစ်ခုမှာ ပွင့်လင်းမှု၊ ညှိနှိုင်းတိုင်ပင်မှုတွေ အများကြီးလိုတယ်။ မှန်တယ်မဟုတ်လား ကိုညီ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီး ကိုသက်နှင့် ဖိုးဆွေတို့နှစ်ဦးကို ဆုံးမသြဝါဒ မမည်သော စကားကို ပြောဖြစ်သည်။

"သူငယ်ချင်းတို့၊ မင်းတို့နေနိုင်သလောက် ငါ့ဆီမှာ နေပါ၊ ပြီးရင်တော့ အိမ်ပြန်ပါ။ မင်းတို့ ပြောတဲ့ တော်တော်စိတ်ပျက်စရာကောင်းတဲ့ အိမ်ထောင်ရေးပါဆိုတာမျိုး ငါလက်မခံပါဘူး။ မိသားစုဘဝ ပျော်ရွှင်ရတဲ့ ခံစားမှုကို မင်းတို့ဘာလို့ မေ့ပစ်တာလဲ၊ မေ့ပစ်လိုက်တာလဲ၊ မင်းတို့ ငါတို့ဘဝမှာ ချစ်သူနဲ့ ကိုယ့်ဘဝလက်တွဲဖော်နဲ့ နှစ်ကိုယ်တူ အတူနေရတဲ့ မိသားစုဘဝကို ဘာနဲ့လဲမလဲ။ အဲဒီမှာ သားရယ်၊ သမီးရယ်ဆိုပြီး ပွားစီးလာတဲ့ သူလည်းရှိမယ်။ သားသမီးမယူကြတဲ့၊ မရကြတဲ့ မိသားစုတွေလည်း ရှိမယ်။ ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့၊ ငါတို့ ဟိုးအရင်ကတည်းက မက်မောခဲ့တဲ့၊ လိုချင်တဲ့၊ မျှော်လင့်တဲ့၊ ရည်စူးထားတဲ့ ဘဝပဲမဟုတ်လား။ ကိုယ်ရည်စူးသူနဲ့ ချစ်ရတယ်၊ ကိုယ်ရည်စူးတဲ့ သားသမီးရတနာတွေ ရှိလာတယ်။ ဒါက ဘဝပဲလေ။

"ဘဝမှာ ပျော်ရွှင်မှုဆိုတာလည်း ရှိမယ်။ နားလည်မှုလွဲတဲ့အချိန်တွေလည်း ရှိမယ်။ သံသရာမှာ ကျင်လည်ရပြီဆိုကတည်းက သုခလည်းရှိပြီး ဒုက္ခလည်းရှိမှာပဲ။ ပြီးပြည့်စုံတဲ့ ဘဝတော့ ဘယ်သူမှ ရမှာမဟုတ်ဘူး။ အဲဒါကလည်း လူ့ဘဝအဓိပ္ပာယ်ပဲလို့ ငါတော့ ထင်တာပဲ"

သူငယ်ချင်းကိုသက်နှင့် ဖိုးဆွေတို့နှစ်ဦး အိမ်တွင် လေးရက်နေပြီး ပြန်သွားကြသည်။ ပြန်မယ့်ရက်တွင် ငါတို့ အကြောင်းတွေ စာထဲထည့်မရေးနဲ့ဟု ထပ်သတိပေးသည်ကို ကျွန်တော်မကြားချင်ယောင် ဆောင်နေလိုက်သည်။

သူတို့ ကန့်ကွက်မှုကို ကန့်ချော်ဖြစ်အောင် ကျွန်တော် အတော်အားထုတ်ရဦးမည်။ မရေးဟု သူတို့ကို ကတိမပေးခဲ့ပါ။ ရေးချင်စိတ်ရှိလာလျှင် ငယ်ကျိုးငယ်နာတွေ မပါအောင် ဂရုစိုက်ပြီးရေးမည်ဟု စိတ်ကူးမိသည်။ သူငယ်ချင်းတွေဘက်က မှားသည်များလည်းရှိမည်၊ သူတို့ ဇနီးသည်များ၏ အမှားများလည်းရှိနိုင်သည်။ လိုအပ်ချက်၊ အားနည်းချက်များကိုသိကြပြီး သူ့ဘက်ကိုယ့်ဘက် ပြင်နိုင်ကြမည်ဆိုလျှင် ကျွန်တော် ရေးရကျိုးနပ်သည်။

သူငယ်ချင်းတို့ ဇနီးမောင်နှံတွေအပါအဝင် မိသားစုအားလုံးကို ပျော်ရွှင်ချမ်းမြေ့စေချင်သည်ကတော့ ကျွန်တော်၏ ဆန္ဒအမှန်ပင်ဖြစ်ပါသည်။ ။

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၀၅)ဘဏ်မြောက်

လယ်ဝေးဘဏ်ခွဲ ကို

မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမြို့ တွင်

၃၀.၄.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

လယ်ဝေးဘဏ်ခွဲ
အမှတ်(၆/ ၄၆၄)၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ အမှတ်(၆)ရပ်ကွက်
လယ်ဝေးမြို့၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း – (၀၆၇) ၃၀၉၇၈/ ၇၉/ ၈၀/ ၈၁/ ၈၂/ ၈၃
ဖက်စ် – (၀၆၇) ၃၀၉၈၄/ ၈၅/ ၈၆/ ၈၇
www.kbzbank.com

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung) နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.04/DHPI/Lab Equipment/2013-2014	
(က)	Triaxial Compression Test Equipment	(၁)စုံ
(ခ)	Large-Scale Constant Head Permeability Test Equipment	(၂)စုံ
(ဂ)	Standard Scale Constant Head Permeability Test Equipment	(၅)စုံ
(ဃ)	Large Scale Compaction Test Equipment	(၁)စုံ
	Consolidation Test Equipment	(၁)စုံ
	Tender No.05/DHPI/Equipment/2013-2014	
(က)	Shotcrete Machine Aliva III	(၃)စုံ
(ခ)	Concrete Pump Truck	(၂)စုံ

၂။ ပစ္စည်းများ၏(Technical Specification)များအား ၂၈-၅-၂၀၁၃ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါ ပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် မွန်းတည့် ၁၂း၀၀နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.01/DHPI/Survery/2013-2014	
(က)	ODOM Hydrographic Echo Sounder	(၃)စုံ
(ခ)	River Surveyor M.9 System	(၂)စုံ
(ဂ)	Automatic Weather Station	(၆)စုံ
	Tender No.02/DHPI/Admixture/2013-2014	
(က)	Fosroc Conplast-R(MR_2)Admixture	၁၃၀၂၀၀ လီတာ
(ခ)	Grace GP.101 Admixture	၅၅၈၀၀ လီတာ
	Tender No.03/DHPI/Equipment/2013-2014	
(က)	Hydraulic Hose Crimping Machine	(၂)စုံ

၂။ ပစ္စည်းများ၏ (Technical Specification)များအား ၂၈-၅-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈) နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ ရန်ကုန်မြစ်အတွင်း နစ်မြုပ်လျက်ရှိသော M.V.ASEAN LIBERTY အမြုပ်သင်္ဘောအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပြုလုပ်မည့်နေ့ရက် - ၃၀-၅-၂၀၁၃ရက် (ကြာသပတေးနေ့)
အချိန် - ၁၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အမှတ်(၁၀)၊ ဝန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာနတွင် ၂-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၂၄၆၃၈၀ သို့ စုံစမ်းနိုင်ပါသည်။

M.V.ASEAN LIBERTY
အမြုပ်သင်္ဘောဆယ်ယူရေးအိတ်ဖွင့်တင်ဒါ
စိစစ်ရေးကော်မတီ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
အဖျောက်သဘာဝဓာတ်ငွေ့မြေ၊ ရေနံအစမ်းတွင်းအမှတ်(၅၀)၏ တွင်းဧရိယာနှင့် ဆက်သွယ်ရေးလမ်းကြောင်းအား ကျောက်ကြီးခင်းခြင်းလုပ်ငန်းတွင် ၆'×၉' ကျောက်ကြီးပေးသွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်၃/(၂၀၁၃-၂၀၁၄)

ပေးသွင်းရမည့်ပစ္စည်း	- ၆'×၉' ကျောက်ကြီး
ပေးသွင်းရမည်အရေအတွက်	- ၀၅၉၀ ကျင်း
ပေးသွင်းရမည့်နေရာ	- အဖျောက်သဘာဝဓာတ်ငွေ့မြေ ငါးလားချောင်းဆိပ်ကမ်းနေရာ
တင်ဒါပိတ်မည့်နေ့ရက်/အချိန်	- ၇-၅-၂၀၁၃ရက်၊ ၁၂း၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ	- စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်မည့်နေ့ရက်/အချိန်	- ၇-၅-၂၀၁၃ရက် မွန်းလွဲ ၁း၃၀ နာရီ

တင်ဒါပုံစံနှင့် စည်းကမ်းများကို ဘဏ္ဍာရေးဌာန ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ခုလျှင် (၁၀၀၀/-) ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၀၂၀၅ တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

စိုက်ပျိုးမြေ...
(၇)ရက် ရက်တိုသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက်များ
(က) အမှတ်စဉ် ၂/ ၂၀၁၃
၂၀-၅-၂၀၁၃ရက်မှ ၂၇-၅-၂၀၁၃ရက်ထိ

၂။ သင်တန်းကြေး(၃၅၀၀၀)ကျပ်၊
အဆောင်ကြေး(၃၅၀၀)ကျပ်

၃။ သင်တန်းပို့ချမည်ဘာသာရပ်များ
(က) မှိုအမျိုးမျိုးမွေးမြူစိုက်ပျိုးနည်း

တိုင်းဦးစီးမှူးရုံး
ဝက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီး...
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်...
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၈၂၂၀၀၊ ၀၉-၇၃၁၀၀၉၉၃၊
၀၉-၄၂၀၅၁၅၇၉
လမ်းညွှန်၊ မင်္ဂလာဒုံကားစီး၍
အဝေမ်းမတ်တိုင်တွင်ဆင်းပါ။

ဆရာကြီး၊ အရပ်ဆရာအောင်
(အကြားအမြင်ပညာရှင်)

ဦးရဲမင်းမိုင်(သချ်ာ) ၁၀ တန်း ၉ တန်း
ဝိုင်း (သင်-ကျက်-စစ်) ၅၀၀၀၀ကျပ် ဘာသာစုံ
ပုံမှန်တန်းခွဲသစ်-၂၅၀၀၀-ဘာသာစုံ မေလဆန်းစမည်။

ဦးညဏ်လွင်
စ တန်းနှင့် ၁၀ တန်း
B.Sc (Phy), M.Sc (Thesis)
☎ 253205 ✆ 09-510-8309

ရောင်းမည်(ပိုင်ရှင်ကိုယ်တိုင်)
တည်းခိုခန်းဖွင့်ရန်၊ ရုံးခန်းဖွင့်ရန်၊ ဆိုင်ဖွင့်ရန်

အထူးသင့်တော်သော ဝင်ထွက်သွားလာရလွယ်ကူသည့် နေရာကောင်း၊
ညှိနှိုင်းဈေးဖြင့်ဦးရာလူ အမြန်ရောင်းမည်။

လိပ်စာ	- ရွှေတောင်စားလမ်းမကြီး၊ ကရဝိပြင်ရပ်၊ ထားဝယ်မြို့။
ဆက်သွယ်ရန်ဖုန်း	- ၀၉-၅၀၃၉၃၇၉

YWCA
မုန့်မှတ်အထူးသင်ထန်း

Bread Patties,Plain Cake, Marble Cake, Hamburger, Cookies,Assorted Cake, Cream Roll,Butter Cookies စသည်မုန့်များကို တတ်ကျွမ်းသော ဆရာမများကိုယ်တိုင် အတတ်သင်ကြားပေးမည်။ လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

နေ့ရက်	- ၂၀၁၃ခုနှစ်၊ မေလ ၆ ရက်မှ ၁၀ ရက်အထိ
အချိန်	- နံနက် ၉ နာရီမှ ၁၂ နာရီထိ
နေရာ	- YWCA ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း	- ၂၄၅၈၆၉၊ ၃၉၂၄၇၀၊ ဓာတ်ပုံ(၂)ပုံယူဆောင်လာပါရန်။

လူဦးရေကန့်သတ်ထားပါသောကြောင့် ၃-၅-၂၀၁၃ရက်(သောကြာနေ့)နောက်ဆုံးထား၍ သင်တန်းကြေးနှင့် အမည်စာရင်း ပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ဝရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ။
- ချည်သား T.Shirt M - 950 ကျပ် (မစ၍)
  Shirt အကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-73045977, 09-73216251**

Website:www.facebook.com/moneda fashion and foodwears.
E-mail:kyonedoe@gmail.com



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆I၊ မြေကွက်အမှတ်၁၁၂A/၁၂A၊ မြေကွက်တည်နေရာအမှတ်(၁၂/က)၊ ကမ္ဘာ့ဇရိပ်သာလမ်း၊ ဗဟန်းမြို့နယ် (ဦးအောင်သန်းနှင်ဇနီးဒေါ်န) အမည်ပေါက် မြေပင်မြေအား အမည်ပေါက်ဖခင်ဦးအောင်သန်းနှင့် မိခင်ဒေါ်နကျန်မောင်နှမများ ဖြစ်သော (၁)ဦးမောင်မောင်(ခ)ကျော်မောင်မောင်သင်၊ (၂)ဒေါ်ခင်မြင့်မြင့်(ခ)ခင်ချိုဆက်နှင့် (၃)ဒေါ်ခင်ကြူကြူ(ခ)ခင်မြတ်ကြူတို့ ကွယ်လွန်သဖြင့် မိဘများမကွယ်လွန်မီပြုလုပ်ခဲ့သော ၇-၇-၁၉၈၁ရက်စွဲပါ မိသားစုအမွေခွဲဝေပေးရန် သဘောတူစာချုပ်အရ ၎င်းပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာနှင့် အမည်ပေါက်စာချုပ်၊ သေစာရင်းတို့ကိုတင်ပြပြီး ဒေါ်ခင်သန်းနု[၁၂/ဗဟန(နိုင်)၀၁၂၃၃၉]က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကား လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိသာရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၄/အေ၊ လူနေရပ်ကွက်အမှတ်-ကျောက်ရေတွင်း မြေကွက်အမှတ် ၇/ည ဧရိယာ(၀.၂၂၃၈)ဧကရှိ လ/န-၃၉၇မြေပိုင်မြေကွက်မြေသက်သေနှင့်တွဲကပ်လျက်ရှိသည် အကျိုးခံစားခွင့်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ချိုချိုမော်[၁၄/တကလ(နိုင်)၀၆၉၈၀၀] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။

ဒေါ်ချိုချိုမော်ထံမှ ဝယ်ယူရန်စရန်ငွေပေးချေထားပါသည်။ အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်နိုင်
တရားလွှတ်တော်ရှေ့နေ
အမှတ်(၂၂)ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်၊ ကလျာဏီသိမ်လမ်းနေ
ဦးတင်သိန်း-ဒေါ်လှလှဌေး တို့၏သားထွေး
မောင်ဘိုဘိုစံ
Second Officer (ECHO SHIPPING)
နှင့်
မော်လမြိုင်မြို့၊ စမ်းကြီးရပ်၊ ကျိုက္ကမီလမ်းနေ ဦးမြင့်သူ-ဒေါ်တင်မာထွန်း တို့၏သမီးထွေး
မနှင်းဝေသ B.B.A (Hotel & Tourism Management)
Liverpool College London UK
တို့သည် ၂၁-၄-၂၀၁၃ ရက်တွင် နှစ်ဖက်သောမိတများရှေ့ထွင် ခေါ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိတများနှင့်
မောင်ဘိုဘိုစံ-မနှင်းဝေသ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

စဉ်	တင်ဒါအမှတ်	အကြောင်းအရာ
(က)	၀၉/မမ/(CE)	ရန်ကုန်-မုဒုံလမ်းပိုင်းရှိ ဘူတာတွင် Platform Waiting Shed တည်ဆောက်ရန်
(ခ)	၁၀/မမ/(CE)	ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျှောက်ရှိ (၁၃)စင်း ပြုပြင်ရန်

တင်ဒါပိတ်မည့်နေ့/အချိန် - ၁၄၊ ၅၊ ၂၀၁၃(အင်္ဂါနေ့)(၁၂၀၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၉၊၄၊ ၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဌာနသို့ စုံစမ်းနိုင်ပါသည်။
ဒုတိယဗိုလ်ချုပ်ချုပ်မှူးရုံး မြန်မာ့မီးရထား ...
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - 294352, 291994

ခေါ့စပ်ကြောင်းလမ်းပြီးစီးကြောင်း

ပျဉ်းမနားမြို့နေ ဦးဝမ်စွိ-(ဒေါ်ခင်ရီ)၊ လယ်ဝေးမြို့နေ
(ဦးစုးဝါး)-ဒေါ်မြရွှေတို့၏မြေး၊ ပျဉ်းမနားမြို့နေ ဦးမြင်အောင်-
ဒေါ်သန်းသန်းရီ(ဇောတိကဆီစက်-သကြားစက်၊ပွဲရုံလုပ်ငန်း)တို့၏သား
မောင်အာကာမြင့်အောင်
နှင့်
မိတ္ထီလာမြို့နေ (ဦးအတတ်-ဒေါ်ဟော့)၊ လယ်ဝေးမြို့နေ (ဦးခင်ဝင်း)-
ဒေါ်မြင့်အေးတို့၏မြေး၊ ပျဉ်းမနားမြို့နေ ဦးမျိုးသက်-ဒေါ်မွေးမွေး
(ဟန်သစ်စတိုး)တို့၏ တစ်ဦးတည်းသောသမီး
မမေဇွန်မျိုး B.A(Eng), MUFL
တို့သည် ၂၃-၄-၂၀၁၃ ရက် (အင်္ဂါနေ့)နံနက် ၈ နာရီ မင်္ဂလာအချိန်တွင် နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာကန်တော်ခန်းမတွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဝဏ်သရေရှိ လူကြီးများရှေ့တွင် မပျက်ပြားသော ခေါ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်အာကာမြင့်အောင်-မမေဇွန်မျိုး

City&Guilds(UK)အင်ဂျင်နီယာဒီပလိုမာ သင်တန်းများအတွက်
Foundation သင်တန်းများတက်ရောက်နိုင်ပြီ
- Civil Engineering
- Mechatronic Engineering
- Mechanical&Electrical(M&E)Engineering
- Mechanical Engineering
- Electronic Engineering
- Electrical Power Engineering
- Electrical Installation Engineering
- Air-Con: & Refri: Engineering
- Plumbing

Foundation သင်တန်းများ၌ English, Maths, Hand Drawing ဘာသာရပ်များကို အခြေ ထပ်ကြားပေးမည် ဖြစ်သည်။
တန်းခွဲသစ်များဖွင့်ပြီ
20% Off
Phone : 523679, 2304056, 094834 1584, 09 73043681
TECH

သန်လျင် (ဦးလှမျိုးရှူး)
ကော်ကွင်းဘုရားအောက်ဘက်၊
အမှတ် ၄၈၉၊ ဥယျာဉ်မြေ
ဆိုင်ခွဲ - သိန်း ၂၀၀၀ (ပွဲစားမလို)
Ph: ၀၁-၆၄၆၆၅၁

စက်မှုမြို့သစ်
(အလုပ်ရုံ၊ ဂိုဒေါင်၊ ဆိုင်ခန်း)
မြေကွက်များ ဝယ်လိုသည်။
09 730 90 100
09 7325 2524
09 7349 4350

ပွဲစားမလိုသည်
ကြည်စိုး LC ၀၉-၇၃ ၂၃၆ ၂၆၃

ဒီဇယ်စက်ဆိုင်
စက်ပြင်သင်တန်း

Yoga လေ့ကျင့်ခန်းသင်တန်း
နန်းဆုဇေကာဆွမ်
ကိုယ်တိုင်သင်ကြားပေးသည်။
Ph : 01 216448, 09 7339 2775

KMD Computer Centre

- နိုင်ငံတကာအသိအမှတ်ပြု Diploma သင်တန်းနှင့် Degree သင်တန်းများ
- အသက်မွေးဝမ်းကြောင်းအတွက် Certificate သင်တန်းများ
- ကွန်ပျူတာကို အခြေခံမှ စ၍ သင်ကြားလိုသူများအတွက် Certificate သင်တန်းများ
- အစိုးရဌာနများ၊ ကုမ္ပဏီများနှင့် NGO အဖွဲ့အစည်းများအတွက် သင်တန်းများကို လိုအပ်ချက်အပေါ် မူတည်၍ ညှိနှိုင်းဆောင်ရွက် သင်ကြားပေးလျက်ရှိပါသည်။

ဗိုလ်သင်တန်း အမှတ်စဉ်(၆၆) မှ သူငယ်ချင်းများအား ဖိတ်ကြားခြင်း
သူငယ်ချင်းတို့ ... ရန်ကုန်မြို့မှာ အောက်ပါအစီအစဉ်အတိုင်း ... ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါတယ်

ဆွမ်းကပ်လှူခြင်းနှင့် ဆရာကန်တော့ခြင်း	၅ ၊ ၅ - ၂၀၁၃(တနင်္ဂနွေနေ့) နံနက် (၉၃၀) နာရီ
	ဒီဇွေဒါစီးကားသင်တိုက်၊ မြစ်ဝါယ်လမ်း။ ပါရမီ။
ဂေါက်သီးရိုက်ပြိုင်ပွဲ	၁၀၊ ၅၊ ၂၀၁၃ (သောကြာနေ့) နံနက် (၆၀၀) နာရီ
ကျင်းပမည့်နေရာ	တပ်မတော်ဂေါက်ကွင်း။
ညစာစားပွဲကျင်းပခြင်း	၁၁၊ ၅၊ ၂၀၁၃ (စနေနေ့) ညနေ (၆၃၀) နာရီ
	အမှတ်(၆၁)၊ (၆)လမ်း၊ ... မင်္ဂလာဒုံ။
ဆက်သွယ်ရန်	...

"အင်္ဂလိပ်စာကျွမ်းကျင်မှုအတွက် ခေတ်သစ်သင်ကြားမှုပုံစံဖြင့်လေ့ကျင့်သင်ကြားပေးမည်"

- 21st Century Life Style English
- Think English
- IELTS Foundation / Preparation
- Arts & Design
- Engineering Foundation Program

Enroll Now!

Personality Development, Interview Techniques, Job Hunting, Presentation Skills များအား အခမဲ့ဖြည့်စွက်သင်ကြားပေးပါသည်။

CROWN EDUCATION
No.(272), 4th Floor, Room 404, Danahlaing Tower, Myaynigone, Sanchaung Township, Yangon.
Tel : 01 527 838, 01 523 832

သင်္ဃန်းကျွန်းမြို့နယ်၊ ရွှေစင်ဒေါင်း ... မြန်မာ့ကြယ်စင်ပါးမှုနှင့်အဆင့်မီ ...
HTET OO MARITIME TRAINING INSTITUTE
တွင် D.M.A အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသော ဝါရင့်ရေယာဉ်မှူးအရာရှိများနှင့် ဆရာများကိုယ်တိုင် ကြီးကြပ်လျက် -
၁။ **BST (4 Tickets)**
၂။ **Pre-sea Course (Deck)**
၃။ **Pre-sea Course (Engine)**
၄။ **Tanker Familiarization Course (T.F)**
၅။ **BST (Fishing Vessel Personnel) Course**
တို့ကို စတင်ဖွင့်လှစ်နေပြီဖြစ်သဖြင့် လာရောက်စုံစမ်းနိုင်ပါသည်။
- အမှတ်စဉ်(၅)ကို ငါးဖမ်းသင်္ဘောများအတွက် **Package** အစီအစဉ်ဖြင့် ဖွင့်လှစ်ပေးပါမည်။
- **O.O.W** သင်တန်းကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ပါသဖြင့် စုံစမ်းလာရောက်နိုင်ပါသည်။

